စိတ်ကူးချိုချိုအနုပညာ

ပါရဂူ

# စိတ္တရလေခါ



မြန်လည်ရိုက်စိနိုင်ခြင်း


ngyoe.com

mgyoe.com

စိတ္တရလေခါသည် လူသားတို့၏ အကြောင်းအရာ ဖြစ်သည်။ လူသားတို့၏ဝတ္ထု ဖြစ်သည်။ ယင်း လူသားတို့၏ အပြုအမူတို့သည် လူ့အလိုဆန္ဒ၏ ကွပ်ကဲမှုကိုရင်း၊ ပတ်ဝန်းကျင် အခြေအနေ၏ ထိန်းချုပ်မှုကိုရင်း ခံနေကြရ၏။ စိတ္တရလေခါ၌ ယောဂီတဦးပါ၏။ သူသည် မိမိကိုယ်ကို အနိုင်ရထားသည်ဟူ၍ ယုံကြည်သူဖြစ်သည်။ သို့ရာတွင် မိန်းမချော တယောက်ကို တွေ့ရသည့်အခါ သူသည် ကာယိန္ဒြေပျက်သွား၏။

စိတ္တရလေခါ၏ ဦးတည်ချက်သည် ဆန်းသစ်သည်။ စိတ္တရလေခါ၏ အဘိဓမ္မာသည် အစဉ်အလာကို တော်လှန်ထားသည်။ ဝတ္ထုရေးဆရာသည် ယင်း ဆန်းသစ်သော ဦးတည်ချက်နှင့် တော်လှန်သော အဘိဓမ္မာကို ခိုင်ခန့်သော ယုတ္တိ သာဓက အုတ်မြစ်ပေါ်၌ အခြေစိုက်ထား၏။

## ပါရဂူ
# စိတ္တရလေခါ



PYG0039

3,300.00 KS

mgyoe.com

mgyoe.com

စိတ္တရလေခါ၊ ပါရဂူ

စာမျက်နှာ ၂၉၇+ မျက်နှာ၊ ၁၆ စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဆိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၇၁ လောကစာပေ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၃၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စိတ္တရလေခါ

## ပါရဂူ

မြန်မာပြန်

မြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

စိတ္တရလေခါသည် လွန်ခဲ့သည့် အနှစ်သုံးဆယ်ခန့်က 'ဘဂဝတိကျရန်ဗရမာ' အမည်ရှိ နာမည်ကျော် ဟိန္ဒီစာရေးဆရာတစ်ဦး ရေးသားထားသော ဟိန္ဒီဝတ္ထု ဖြစ်သည်။ လူ့သဘာဝကို လေ့လာရာ၌ အပေါ်ယံအလွှာများကို တစ်လွှာပြီး တစ်လွှာခွာလျက် စူးရှနက်နဲသော အမြင်ဖြင့် အတွင်းနှိုက်၍ လေ့လာထားသော ဝတ္ထုဖြစ်ခြင်းကြောင့် ဟိန္ဒီစာပေလောက၌ ခေတ်ပေါ် ဂန္ထဝင်မြောက် ဝတ္ထုအဖြစ်ဖြင့် ထင်ပေါ်ကျော်ကြားပြီးလျှင် အရောင်းရ အတွင်ကျယ်ဆုံး ဝတ္ထုတစ်ခု ဖြစ်လာခဲ့လေသည်။ ဟိန္ဒီစာပေလောက၌ အခြားသော ဝတ္ထုများသည် ပေါ်ချည် မြုပ်ချည်နှင့် အချိန်ကာလဒဏ်ကို ခံနိုင်ရည် မရှိကြသော်လည်း စိတ္တရလေခါ ကမူ အချိန်နှောင်းလာလေလေ၊ အရောင်အသွေး ပိုမို၍ တောက်ပြောင်လာလေလေ ဖြစ်လေ၏။ စထွက်သည့် နှစ်မှစ၍ ယခုအထိ နှစ်စဉ်နှစ်တိုင်း အကြိမ်ကြိမ် ထပ်ကာထပ်ကာ ရိုက်နှိပ်ထုတ်ဝေရခြင်းက စိတ္တရလေခါမည်မျှ အောင်မြင်မှု ရရှိနေသည် ဆိုသည့်အချက်ကို သက်သေခံနေပေ

mgyoe.com

mgyoe.com



သည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း စိတ္တရလေခါကို ဘာသာပြန်ထား လေသည်။

"မကောင်းမှု ဟူသည်မှာ မည်သည့်အရာဖြစ်သနည်း" ဟူ၍ တစ်ယောက်သောသူက မေးခွန်းထုတ်လျှင် ထိုမေးခွန်းထုတ်သူအား သင် မည်ကဲ့သို့သဘောထားမည်နည်း။ ရှင်းနေပြီးဖြစ်သည့် အရာ တစ်ခုကို ရှုပ်အောင် မေးရမည်လောဟု မေးခွန်းထုတ်သူအား အပြစ် တင်ကောင်း တင်ပေလိမ့်မည်။ သို့ရာတွင် စိတ္တရလေခါ၌မူ "မကောင်းမှု ဟူသည်မှာ မည်သည့်အရာဖြစ်သနည်း" ဟူသော အမေးပုစ္ဆာနှင့် နိဒါန်း ပျိုးထားလေ၏။ မကောင်းမှုကို သင်သဘောပေါက်သလို စိတ္တရလေခါ က_ သဘောပေါက်ဟန်မတူ။ မကောင်းမှုကို သင်အနက်အဓိပ္ပာယ် ကောက်ယူသကဲ့သို့ စိတ္တရလေခါက အနက်အဓိပ္ပာယ် ကောက်ယူချင်မှ ကောက်ယူမည်။ မကောင်းမှုဟူသော ဝေါဟာရစကားလုံးကို အစဉ် အလာက ဝိဂြိုဟ်ဝစနတ်ပြုလာသည့်နည်းတူ စိတ္တရလေခါက ဝိဂြိုဟ် ဝစနတ်ပြုလိမ့်မည် မဟုတ်။ သူ့နည်းနှင့်သူ အဓိပ္ပာယ်ကောက်ယူလို သည်။ သူ့နည်းနှင့်သူ ဝိဂြိုဟ် ဝစနတ် ပြုလိုသည်။ သို့ဖြစ်၍ မကောင်းမှု ဟူသော ပြဿနာကို ရှေ့တန်းတင်လာခြင်း ဖြစ်လေ၏။

စိတ္တရလေခါသည် လူသားတို့၏အကြောင်းအရာ ဖြစ်သည်။ လူသားတို့၏ ဝတ္ထု ဖြစ်သည်။ ယင်း လူသားတို့၏ အပြုအမူတို့သည် လူ့အလိုဆန္ဒ၏ ကွပ်ကဲမှုကိုလည်းကောင်း၊ ပတ်ဝန်းကျင် အခြေအနေ ၏ ထိန်းချုပ်မှုကို လည်းကောင်း ခံနေကြရ၏။ စိတ္တရလေခါ၌ ယောဂီ တစ်ဦး ပါ၏။ သူသည် မိမိကိုယ်ကို အနိုင်ရထားသည်ဟူ၍ ယုံကြည်သူ ဖြစ်သည်။ သို့ရာတွင် မိန်းမချောတစ်ယောက်ကို တွေ့ရသည့်အခါ သူသည် ကာယိန္ဒြေပျက်သွား၏။ စိတ္တရလေခါ၌ပါသော အခြားဇာတ် ဆောင်တစ်ဦးမှာ ကာမဂုဏ်အာရုံ၌ နစ်မွန်းနေသူ ယောကျ်ားတစ်ယောက်

mgyoe.com

mgyoe.com



ဖြစ်၏။ ကာမဂုဏ်အာရုံ၌ နစ်မွန်းနေသူဖြစ်စေကာမူ သူသည် မိမိ၏ စိတ်နှလုံးကိုမူ တန်ဖိုးထားလေ၏။ စိတ္တရလေခါ၌ မိန်းမတစ်ဦးလည်း ပါရှိ၏။ ထိုမိန်းမသည် မြင်ရသရွေ့ ယောကျာ်းတို့အား ရူပါရုံဖြင့် ညှို့ နိုင်စွမ်း ရှိ၏။ သို့ရာတွင် သူသည် မိမိ၏နှလုံးကိုမူ ချစ်မြတ်နိုးသူဖြစ် ၏။ ယင်းဇာတ်ဆောင် သုံးဦး၏ဘဝကို စိတ္တရလေခါတွင် သရုပ်ဖော် ထားသည်။

ပုဂ္ဂိုလ်တစ်ယောက် ရှိသည်။ ထိုပုဂ္ဂိုလ်မှာ တရားဘာဝနာ ပွားများ ကျင့်ကြံနေသူ ဖြစ်၏။ သူ့ဘဝကို တရားဘာဝနာအလုပ်၌ မြှုပ်နှံ ထား၏။ သို့ရာတွင် သူ၏ အသက်ရှင်နေမှုမှာ သူ့အတွက်သာ ဖြစ် သည်။ သူသည် ပရဟိတ ကို ဂရုမထား။ တရား ဘာဝနာ ကျင့်ကြံအား ထုတ်နေခြင်းကိုက အတ္တဟိတ အလုပ်ဖြစ်သည်။ တစ်ယောက်သော သူကမူ ကာမဂုဏ်အာရုံ၏သားကောင် ဖြစ်သည်။ လောကီအာရုံများ နှင့် ရစ်ပတ်ထွေးလုံးနေ၏။ သို့သော် သူသည် သူတစ်ထူးအတွက် ကိုယ် ကျိုးကို စွန့်လွှတ်၏။ မိမိအကျိုးကို အများအကျိုးအတွက် စတေး၏။ ထိုပုဂ္ဂိုလ်နှစ်ဦးအနက် မည်သူအား လူတော်လူကောင်း ဟူ၍ သမုတ် မည်နည်း။ စိတ္တရလေခါက ယင်းပြဿနာကို တင်ပြထားသည်။ စိတ္တရ လေခါကို ဖတ်ပြီးသည့် အဆုံး၌ ယင်းပြဿနာနှင့်ပတ်သက်၍ သင် ဘဝင်ကျချင်လည်း ကျသွားမည် (သို့မဟုတ်) ဘဝင်မကျ ဖြစ်နေချင် လည်း ဖြစ်နေပေလိမ့်မည်။

စိတ္တရလေခါ၏ ဦးတည်ချက်သည် ဆန်းသစ်သည်။ စိတ္တရလေခါ ၏ အဘိဓမ္မာသည် အစဉ်အလာကို တော်လှန်ထားသည်။ ဝတ္ထုရေး ဆရာသည် ယင်းဆန်းသစ်သော ဦးတည်ချက်နှင့် တော်လှန်သော အဘိဓမ္မာကို ခိုင်ခံ့သော ယုတ္တိသာဓက အုတ်မြစ်ပေါ်၌ အခြေစိုက်ထား ၏။

mgyoe.com

mgyoe.com



အဘိဓမ္မာ သမိုင်းတစ်လျှောက်၌ အငြင်းပွားလာခဲ့သော ပြဿနာ တစ်ရပ် ရှိသေးသည်။ လူသည် ပတ်ဝန်းကျင်၏လွှမ်းမိုးမှုကို ခံရသလော၊ လူ၏ အပြုအမူသည် ပတ်ဝန်းကျင် အခြေအနေ၏ ကြိုးကိုင်မှုကို ခံရသလော ... ဟူသည့် ပြဿနာ ဖြစ်၏။ ယင်း ပြဿနာကိုလည်း စိတ္တရလေခါ က အဖြေပေးထားသည်။

စိတ္တရလေခါသည် ရာဇဝင် ဝတ္ထု ဖြစ်သည်။ သို့ရာတွင် အချစ်ကို ဋီကာ ဖွင့်ပြသည် ဖြစ်၍ အချစ်ဝတ္ထုလည်း ဖြစ်သည်။ အတွေးအခေါ်ကို အဓိက ထားသောကြောင့် အတွေးအခေါ်ဝတ္ထုလည်း ဖြစ်သည်။ တော်လှန်သော အဘိဓမ္မာ တစ်ရပ်ကို တင်ပြသောကြောင့် အဘိဓမ္မာ ဝတ္ထုလည်း ဖြစ်သည်။ စိတ္တရလေခါသည် အိန္ဒိယသမိုင်း ဂုတ္တခေတ် ကို အခြေပြု၍ ရေးသားထားသော ဝတ္ထုဖြစ်၏။ စိတ္တရလေခါ၌ ပါဝင်သည့် ဇာတ်ရုံများဖြစ်ကြသော စန္ဒဂုတ် ဘုရင်၊ စာဏကျ အမတ်ကြီး တို့မှာ အိန္ဒိယ သမိုင်းတွင် ထင်ပေါ် ကျော်ကြားသောပုဂ္ဂိုလ်များ ဖြစ်ကြ၏။ စန္ဒဂုတ်ဘုရင် မှာ ဗုဒ္ဓသာသနာပြု သီရိဓမ္မာသောက မင်းတရားကြီး၏ ဘိုးတော်ဖြစ်၍ 'ဘိုးတော် စန္ဒဂုတ်' ဟူသော အမည်ဖြင့် လူသိများသော မင်းတစ်ပါး ဖြစ်လေ၏။ စာဏကျ အမတ်ကြီးကား စန္ဒဂုတ် ဘုရင်၏ သက်တော်ရှည် ပညာရှိအမတ်ကြီး ဖြစ်၏။ စာဏကျသည် စာဏကျ နီတိ၊ အာတ္ထသျှတ္တရ စသည့် ကျမ်းဂန်များကို ရေးသား ပြုစုခဲ့လေ၏။ စာဏကျနီတိသည် နီတိကျမ်းဂန်များ အနက် ထင်ရှားကျော်ကြားသော ကျမ်းဂန်တစ်ခု ဖြစ်သည်။ အာတ္ထသျှတ္တရမှာလည်း ရှေးအကျဆုံး ကမ္ဘာ့ နိုင်ငံရေး ပညာနှင့် ဘောဂဗေဒ ပညာ ကျမ်းများစာရင်းတွင် တစ်ခုအပါ အဝင် ဖြစ်လေ၏။ စန္ဒဂုတ်ဘုရင်နှင့် စာဏကျ အမတ်ကြီးမှ တစ်ပါး စိတ္တရလေခါ ၌ ပါသည့် အခြားဇာတ်ဆောင် ပုဂ္ဂိုလ်များမှာကား ဝတ္ထု ရေး ဆရာ၏ စိတ်ကူးထဲက ပုဂ္ဂိုလ်များ ဖြစ်တန်ရာသည်။ စိတ္တရလေခါ

mgyoe.com

mgyoe.com



သည် ရာဇဝင်ကို ဓာတ်အိမ်ဖွဲ့ထားသော်လည်း၊ ရာဇဝင်ခေတ်ကို နောက်ခံထား၍ ရေးသားထားသော်လည်း ရာဇဝင်ကြောင်းကို အဓိက မထား။ လူ့သဘာဝကိုသာလျှင် အလေးအနက် ပြုထားသည်။ စိတ္တရ လေခါသည် ရာဇဝင်ဝတ္ထု မည်ကာမတ္တလောက်သာဖြစ်လျက် အတွေး အခေါ်နှင့် အဘိဓမ္မာကို ဦးစားပေးရေးထားသော ဝတ္ထုဖြစ်၏။ စိတ္တရ လေခါ၏ အတွေးအခေါ်နှင့် အဘိဓမ္မာသည် အားလုံးအတွက် နားဝင် ပီယံဖြစ်ချင်မှ ဖြစ်မည်။ အစဉ်အလာနှင့် ရိုးရာကို တော်လှန်သည့် အယူ အဆတစ်ရပ်ကို လူ့လောကတစ်ခုလုံးက တညီတညွတ်တည်း ကြိုဆိုလက်ခံနိုင်ဖို့ရန်မှူကား မလွယ်ကူပေ။ သို့ရာတွင် စိတ္တရလေခါ လူကြိုက်များသည်ကို ထောက်၍ စိတ္တရလေခါ၏ အဘိဓမ္မာမှာလည်း အား မသေးကြောင်း သိရှိရလေ၏။ မြန်မာ ပရိသတ်အတွက်မှာမူ ယခု အကြိမ်သည် အကဲစမ်းကြည့်လိုက်သည့်အကြိမ် ဖြစ်သည်။

စိတ္တရလေခါ၌ ဟိုနေရာ သည်နေရာတွင် စာဖတ်သူ၏ ဦးနှောက် ထဲ ရှောရှောရှူရှူ တန်းဝင် မသွားသည့် စာပိုဒ်များ၊ စကားဝါကျများ ပါရှိသည်ကို တွေ့ရပေလိမ့်မည်။ ယင်းစာပိုဒ် အချို့၊ စကားဝါကျ အချို့ ကို အပြည့်အဝ နားလည်သဘောပေါက်ရန်မှာကား ဟိန္ဒူအယူဝါဒ၊ ဟိန္ဒူအဘိဓမ္မာကို အတော်အတန် ခေါက်မိထားဖို့ လိုလိမ့်မည်ထင်၏။ ဗြဟ္မ၊ အတ္တ၊ မာယာ ဟူသော ဝေါဟာရ စကားလုံးများမှာ ဟိန္ဒူအဘိဓမ္မာ ၏ ကိုယ်ပိုင် ဝေါဟာရစကားလုံးများ ဖြစ်ကြ၏။

ကျွန်ုပ်သည် စိတ္တရလေခါ ကို မူလပင်ရင်း ဟိန္ဒီဘာသာမှ ဘာသာ ပြန်ဆိုပါသည်။ သို့ရာတွင် ယင်းသို့ ဘာသာပြန်ရာ၌ အင်္ဂလိပ်ဘာသာ ပြန်ကိုလည်း တစ်ဖက်တွင် တစေ့တစောင်းကြည့်မိသည်။ အင်္ဂလိပ် ဘာသာပြန်၌ မူလဟိန္ဒီမူတွင် မပါသော စာပိုဒ်များ အများအပြား ပါဝင် နေသည်ကို တွေ့ရ၏။ အင်္ဂလိပ်ဘာသာပြန်ကပင် အတ္တနောမတိ တွေ

mgyoe.com

mgyoe.com



အများအပြား ထည့်ထားသလော (သို့မဟုတ်) ကျွန်ုပ်လက်ဝယ်ရှိ ဟိန္ဒီမူရင်းကပဲ စာပိုဒ်အချို့ ကျနေသလော၊ ကျွန်ုပ် ဝေခွဲ၍မရ။ ကျွန်ုပ် မြန်မာပြန်လိုသည့် စာအုပ်တစ်အုပ်ကို မြန်မာပြန်လိုက်ရပြန်ပြီ ဖြစ်သည့်အတွက် ပီတိသောမနဿ ဖြစ်မိပါသည်။

ပါရဂူ
၁၃-၆-၆၆

■

mgyoe.com

mgyoe.com

# နိဒါန်း

သေတံက က မေးလျှောက်လိုက်၏။ "နို့ မကောင်းမှုဆိုတာက ရော"

ရသေ့မြတ် ရတနမ္မရသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးသကဲ့သို့ ဖြစ်သွား၏။ သေတံကကို တစ်ကြိမ် စူးစိုက် ကြည့်ရှုလိုက်သည်။

"မကောင်းမှု ... ဟုတ်လား၊ အင်း ... အတော့်ကို ခက်ခဲနက်နဲတဲ့ မေးခွန်းပဲတပည့်။ ဒါပေမဲ့ ... သဘာဝကတော့ တကယ်ကျတဲ့ မေးခွန်း ဖြစ်တယ်။ မကောင်းမှုဆိုတာ ဘာလဲလို့ ... မင်း မေးတယ်နော် ဟုတ်လား"

ယင်းသို့ ပြောပြီးလျှင် ရသေ့မြတ် ရတနမ္မရသည် အတန်ကြာမျှ ရုတ်ရုတ်သဲသဲဖြစ်နေသော ပါဋလိပုတ် မြို့ဘက်သို့ ငေးမျှော်ကြည့်ရှု နေ၏။ စုလစ်မွန်းချွန်များ မိုးစွန်တဖျား မြင့်မားထိုးထွက်နေသော ပါဋလိပုတ်မြို့တော်မှ ပြာသာဒ် ဘုံဗိမာန်ဆောင် တို့မှာ ညနေဆည်းဆာ ၏ မှုန်မွှားသော ရောင်ခြည်တွင် တွေ့မြင်နေရတုန်းပင် ရှိသေးသည်။

"အင်း ... မကောင်းမှုဆိုတဲ့ ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ကို သိဖို့ ရန်အတွက် ငါလည်းပဲ အကြိမ်များစွာ ကြိုးပမ်း အားထုတ်ခဲ့ဖူးတယ်။

mgyoe.com

mgyoe.com



ဒါပေမဲ့ အဲဒီလို ကြိုးပမ်းအားထုတ်တဲ့ အခါတိုင်းပဲ အောင်မြင်မှု မရရှိခဲ့ဘူး။ မကောင်းမှုဆိုတာ ဘာလဲ၊ မကောင်းမှုရဲ့နေရာ ဘယ်မှာရှိသလဲ။ အဲဒီပြဿနာဟာ အင်မတန်မှ ခက်ခဲနက်နဲတဲ့ပြဿနာ ဖြစ်တယ်။ ယနေ့အထိ အဲဒီပြဿနာကို ငါတော့ ဖြေရှင်းလို့ မရသေးဘူး။ နှစ်ရှည်လများ ကြိုးစားအားထုတ်လာခဲ့ပြီးတာတောင်မှ၊ ပြီးတော့ အတွေ့အကြုံ ပင်လယ်သမုဒ္ဒရာထဲမှာ လက်ပစ်ကူးခဲ့ပြီးတာတောင်မှ ဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာကို မင်းကို ငါဘယ်လိုလုပ် ဖြေရှင်းပြောပြရမလဲ"

ရတနမ္ဗရသည် အနည်းငယ် ရပ်တန့်လိုက်ပြီးနောက် တစ်ဖန် ပြောပြန်လေ၏။ "ဒါပေမဲ့ သေတံက ... တကယ်လို့ မင်း မကောင်းမှုဆိုတာကို သိချင်သပဆိုရင် ကမ္ဘာလောကထဲမှာ ရှာဖွေရလိမ့်မယ်။ အဲဒီလိုလုပ်ဖို့ အသင့်ပဲဆိုရင်တော့ ... မကောင်းမှုဆိုတာကို ... မင်း သိကောင်းသိပါလိမ့်မယ်"

သေတံကသည် ရသေ့မြတ် ရတနမ္ဗရ၏ရှေ့မှောက်၌ ရှိခိုးဦးညွတ်ပြီးလျှင် ပြောလိုက်သည်။ "တပည့်တော် အသင့်ပါပဲ"

"မင်းလည်းပဲ မကောင်းမှု ဆိုတာကို ရှာဖွေစူးစမ်းချင်သေးတယ် ထင်တယ်"

ရတနမ္ဗရသည် ဝိသာလဒေဝကို ကြည့်လိုက်သည်။

ဝိသာလဒေဝ ကလည်း ရတနမ္ဗရ၏ ရှေ့မှောက်၌ ရှိခိုးဦးညွတ်ပြီးလျှင် လျှောက်ထားလိုက်သည်။ "အရှင်မြတ် တွေးထင်တဲ့ အတိုင်းပင် ဖြစ်ပါတယ်"

ရတနမ္ဗရ၏ မျက်နှာသည် ရွှင်ပျလာလေသည်။

"ငါ မင်းတို့ကို ကမ္ဘာလောကထဲမှာ လှည့်လည်ပြီး အတွေ့အကြုံရအောင် ရှာဖို့ မလွှတ်ခင် ပတ်ဝန်းကျင် လောကနဲ့ မင်းတို့ကို မိတ်ဆက်ပေးဖို့ လိုလိမ့်မယ်။ ဒီမြို့မှာရှိတဲ့ ပုဂ္ဂိုလ်နှစ်ဦးနဲ့ ငါ ကောင်းကောင်း

mgyoe.com

mgyoe.com



ကျွမ်းတယ်။ မင်းတို့ရဲ့ ရည်ရွယ်ချက် ပြည့်စုံအောင်မြင်ရေးအတွက် မင်းတို့ဟာ အဲဒီ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အကူအညီကို လိုလိမ့်မယ်။ တစ်ယောက်က ယောဂီ ဖြစ်တယ်။ နောက်တစ်ယောက်ကတော့ စည်းစိမ်ရှင်။ ယောဂီရဲ့ အမည်က ကုမာရဂိရိလို့ခေါ်ပြီး စည်းစိမ်ရှင်ကတော့ ဗိဇဂုတ္တလို့ခေါ်တယ်။ မင်းတို့ နှစ်ဦးရဲ့ဘဝကို အဲဒီပုဂ္ဂိုလ်နှစ်ဦးရဲ့ ဘဝရေလျှဉ်ကြောနဲ့အတူ မျှောလိုက်ရလိမ့်မယ်"

တပည့်နှစ်ဦးလုံးက ပြိုင်တူ အဖြေပေးကြလေ၏။ "တပည့်တော်တို့ အဆင်သင့်ပါပဲ ဘုရာ့"

"ဝိသာလဒေဝ၊ မင်းက ဗြာဟ္မဏလူမျိုး ဖြစ်တယ်။ တရားဘာဝနာ အားထုတ်တဲ့နေရာမှာ ဝါသနာပါတယ်။ သို့အတွက် ကုမာရဂိရိရဲ့ တပည့်လုပ်မှ သင့်လျော်လိမ့်မယ်။ သေတာ်က၊ မင်းကတော့ ... ခတ္တိယလူမျိုးဖြစ်တဲ့အလျောက် လူ့လောကအသိုင်းအဝန်းထဲမှာ မွေ့လျော်တယ်။ သို့အတွက် မင်းက ဗိဇဂုတ္တရဲ့ အလုပ်အကျွေးလုပ်ရလိမ့်မယ်"

တပည့်နှစ်ဦးလုံးက ပြိုင်တူ အဖြေပေးကြလေ၏။ "တပည့်တော်တို့ အဆင်သင့်ပါပဲ ဘုရာ့"

"မင်းတို့ နှစ်ဦးလုံးရဲ့ လမ်းကြောင်းကို သတ်မှတ် ဆုံးဖြတ်လိုက်ပြီ။ ငါ့အတွက်တော့ မင်းတို့ ဘာမှမပူကြနဲ့။ လူ့ဘဝမှာ တရားဘာဝနာအားထုတ်ခြင်းနဲ့ ကျမ်းဂန်စာပေ သင်ကြားခြင်းများ လိုအပ်သလောက်အတွေ့အကြုံဆိုတာလည်း လိုအပ်တာပဲ။ မင်းတို့တစ်တွေက အတွေ့အကြုံကို ရအောင်ယူကြ။ ငါက တရားဘာဝနာ ကျင့်ကြံအားထုတ်မယ်။ ဒီနေ့ကစပြီး တစ်နှစ်ကျော်လွန်တဲ့အခါ မင်းတို့ နှစ်ယောက် ငါနဲ့ ဒီနေရာမှာပဲ လာတွေ့ကြ။ အဲဒီအချိန်မှာ ငါတို့ ကိုယ်သတ်မှတ် ဆုံးဖြတ်ထားတဲ့ လမ်းစဉ်အတိုင်း ဆောင်ရွက်လုပ်ကိုင်နိုင်ကောင်းစရာ ရှိပါတယ်။

"ဒါပေမဲ့ တစ်ခုတော့ သတိထားရလိမ့်မယ်။ သင်ကြားဆည်းပူး

mgyoe.com

mgyoe.com



ခြင်းအားဖြင့် မသိအပ် မသိနိုင်တဲ့အရာကို အတွေ့အကြုံအားဖြင့် သိအောင် ကြိုးစားဖို့ရန်အတွက်သာ ... ငါ မင်းတို့ကို လူ့လောကထဲပို့ခြင်း ဖြစ်တယ်။ ဒါပေမဲ့ အဲဒီအတွေ့အကြုံထဲမှာ မင်းတို့ကိုယ်တိုင် မျောပါမသွားဖို့တော့ သတိမူရလိမ့်မယ်နော်။ မင်းတို့ဟာ ကမ္ဘာလောကရဲ့ လှိုင်းအလျဉ်ထဲမှာ မျှောလိုက်ရလိမ့်မယ်။ ဒါပေမဲ့ အဲဒီလှိုင်းအလျဉ်ထဲမှာ မြုပ်မသွားဖို့ကိုတော့ သတိကြပ်ကြပ်ထားရလိမ့်မယ်"

သေတံကသည် ဝိသာလဒေဝကို လှမ်းကြည့်လိုက်၏။ ဝိသာလဒေဝကလည်း သေတံကကို လှမ်းကြည့်လိုက်သည်။

ရတနမ္ဗရသည် အတန်ကြာမျှ ခပ်မဆိတ်နေပြီးနောက် တစ်ဖန် ပြောပြန်လေ၏။

"မင်းတို့ ရင်ဆိုင်ရမယ့် ပတ်ဝန်းကျင် အခြေအနေအကြောင်းကို ပထမဦးစွာ မင်းတို့ကို ငါပြောပြထားမယ်။ ကုမာရဂိရိက ယောဂီဖြစ်တယ်။ လောကီအာရုံ ခံ့မင်တွယ်တာမှုဟူသမျှကို အနိုင်ယူမယ်လို့ ကြေညာနေတဲ့လူ ဖြစ်တယ်။ လောကကို တွယ်တာကပ်ငြိခြင်း မရှိဘူး။ သုခဆိုတာ ဘယ်လိုဟာဖြစ်တယ်လို့လည်းပဲ သူ့နည်းနဲ့သူ သဘောပေါက်ထားတယ်။ သူ့မှာ အရှိန်အဝါ ရှိတယ်။ အစွမ်းသတ္တိ ရှိတယ်။ သူ့မှာ ကာယဗလ၊ စိတ္တဗလ နှစ်မျိုးစလုံး ရှိတယ်။ လူတွေပြောတဲ့ စကားအတိုင်းဆိုရင် ... သူဟာ ငါဆိုတဲ့ သက္ကာယစွဲကို ချိုးနှိမ်ပြီး အနိုင်ရထားတဲ့လူ ဖြစ်တယ်။ ကုမာရဂိရိဟာ လုလင်တစ်ဦး ဖြစ်တယ်။ ဒါပေမဲ့ ပျိုရွယ်မှုနဲ့ တွယ်တာ တပ်မက်ခြင်း ကင်းမဲ့မှုနှစ်မျိုးက ရောနှောပေါင်းစပ်ပြီး သူ့သဏ္ဌာန်မှာ ထူးခြားတဲ့ စွမ်းရည်သတ္တိထူးတစ်ခုကို ဖန်တီးပေးထားတယ်။ ချုပ်တည်းခြင်းဟာ သူ့လုပ်ငန်းဖြစ်တယ်။ နတ်ရွာနိဗ္ဗာန်က သူ့ရည်မှန်းချက်ဖြစ်တယ်။ ဝိသာလဒေဝ ... အဲဒီကုမာရဂိရိကို မင်း ဆရာတင်ရလိမ့်မယ်။

mgyoe.com

mgyoe.com



"အင်း ပြီးတော့ ... သေတံက၊ ဗိဇဂုတ္တ ကတော့ ... စည်းစိမ်ရှင် ဖြစ်တယ်။ သူ့နှလုံးထဲမှာ ပျိုရွယ်မှုရဲ့ လှိုင်းတံပိုး လှုပ်ရှား ထကြွနေတယ်။ သူ့မျက်လုံးထဲမှာ မူးယစ်ခြင်းရဲ့အသွင်ဖြစ်တဲ့ အနီရောင် သမ်းနေတယ်။ ကျယ်ဝန်းတဲ့ သူ့စံအိမ်မှာတော့ ကာမဂုဏ်အာရုံများ မွှေ့လျော်ပျော်ပိုက်နေကြတယ်။ ရတနာခြယ်စီထားတဲ့ သေရည်ခွက်များထဲမှာသာ သူ့ဘဝရဲ့ချမ်းသာသုခဟူသမျှ စုဝေးနေကြတယ်။ ကာမဂုဏ်စည်းစိမ်လှိုင်းတံပိုးထဲမှာ သူပျော်မြူးတယ်။ သူ့မှာ စည်းစိမ်ချမ်းသာ အပြည့်အစုံ အလုံအလောက်ရှိတယ်။ သူ့မှာ အလှရှိတယ်။ သူ့နှလုံးထဲမှာ ကမ္ဘာလောကထဲကရှိသမျှ ကာမဂုဏ်အာရုံများ စုဝေးနေကြတယ်။ သူ့စံအိမ်မှာ အလှမာန်ယစ်မူးနေကြတဲ့ ကချေသည်များ ကဟန်ချီနေကြတယ်။ ဘုရားသခင်ကို သူမယုံကြည်ဘူး။ ဘုရားသခင် အကြောင်းကို တစ်ခါမှ သူ့စိတ်ကူးထဲ ထည့်မိမယ် မဟုတ်ဘူး။ ပြီးတော့ နတ်ပြည်နဲ့ ငရဲပြည်အကြောင်းကိုလည်း သူဘယ်တော့မှ မတွေးတောဘူး။ ကာမဂုဏ်အာရုံ ခံစား စံစားခြင်းသာ သူ့ဘဝရဲ့လုပ်ငန်းလည်း ဖြစ်တယ်။ ရည်မှန်းချက်လည်း ဖြစ်တယ်။ အဲဒီဗိဇဂုတ္တကို မင်းက ပြုစုလုပ်ကျွေးရလိမ့်မယ်။ သေတံက ... ဘယ့်နှယ့်လဲ သဘောတူရဲ့ မဟုတ်လား"

"အရှင်မြတ်ရဲ့ အမိန့်အာဏာကို ဦးထိပ်ရွက်ပါတယ် ဘုရား"

သေတံကသည် တွေးခေါ်ကြံဆ၍ မရသည့် စည်းစိမ်ချမ်းသာ၏ အတိမ်အနက်ကို တစ်ကြိမ်လောက် ထောက်ကြည့်လိုစိတ်ပေါက်နေသည်။

"ဝိသာလဒေဝကရော၊ သဘောတူတယ် မဟုတ်လား"

"အရှင်မြတ်ရဲ့ အမိန့်အာဏာကို ဦးထိပ်ရွက်ပါတယ် ဘုရား"

ဝိသာလဒေဝသည် ပျိုရွယ်မှုနှင့် တပ်မက်ခြင်း ကင်းမှုနှစ်မျိုး

mgyoe.com

mgyoe.com



ရောနှော ပေါင်းစပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် စွမ်းရည်သတ္တိတစ်မျိုး၏ ထူးခြားပုံကို စုံစမ်းလိုသည့်ဆန္ဒပေါက်နေသည်။

"ဒါဖြင့် မင်းတို့လိုလားတဲ့အတိုင်း ဖြစ်ရစေမယ်"

ယင်းသို့ အမိန့်ရှိတော်မူပြီးလျှင် ရသေ့မြတ် ရတနမွှရသည် ထလိုက်သည်။

နောက်တစ်နေ့၌ ကျောင်းသခ်မ်းသည် လူသူ ဆိတ်သုဥ်းသွား၏။ ဆရာသည် လူခြေ တိတ်နေသော တရားဂူသို့လည်းကောင်း၊ တပည့်နှစ်ဦးသည် ထောက်မိနိုင်ခဲ့သည့် ကမ္ဘာလောကထဲသို့လည်းကောင်း အသီးသီးထွက်သွားကြလေ၏။

■

mgyoe.com

mgyoe.com

## အခန်း တစ်

သေရည် လျှံနေသည့် သေရည်ခွက်ကို စိတ္တရလေခါ၏ ပါးစပ်တွင် တေ့လျက် ဗိဇဂုတ္တက မေးလိုက်သည်။ "စိတ္တရလေခါ ... ဘဝရဲ့ သုခဆိုတာ ဘာလဲ သိလား"

စိတ္တရလေခါ၏ မပွင့်တပွင့်မျက်လုံး၌ မူးယစ်ခြင်း ပေါ်နေသည်။ သူ၏ အရဏ်သွေး ပါးပြင်၌ ရွှင်လန်းတက်ကြွခြင်း စိုးမိုးနေသည်။ ပျိုရွယ်မှု၏ ဖွံ့ထွားစည်ပင်ခြင်း၌ အလှသည် မြူးထူးနေသည်။ ပွေ့ဖက်ခြင်း ကျော့ကွင်းထဲ၌ အာသာရမ္မက်သည် ရယ်သွမ်း သွေးနေသည်။ စိတ္တရလေခါသည် သေရည်ကို တစ်ကျိုက် သောက်ချလိုက်၏။ ထို့နောက် ပြုံးလိုက်သည်။ ခဏကြာမျှ သူ၏နှုတ်ခမ်းသည် ဗိဇဂုတ္တ၏ နှုတ်ခမ်းနှင့် အသံ မထွက်သော ဘာသာစကားဖြင့် တစ်စုံတစ်ခု ပြောကြားနေသည်။ ပြီးမှ ဖြည်းညင်းစွာ အဖြေပေးလိုက်သည်။ "မူးယစ်ခြင်း"။

ထိုအချိန်၌ ညဥ့်မှာ တစ်ဝက် ကျိုးလုမတတ် ရှိနေပြီ။ ဗိဇဂုတ္တ၏ စံအိမ်သည် အတောင် မကသော ဆီမီးတို့၏ အရောင်ဖြင့် ဝင်းလက်တောက်ပနေသည်။ တံခါးဝ၌ ညဥ့်တေးသံအလိုက် စောင်း က လိုက်ညှိနေ၏။ အဆောင်တော် တစ်ခုထဲ၌မူ မြို့တော်၏ အလှဆုံး ကချေသည်

mgyoe.com

mgyoe.com


နှင့် အတူတကွ မြို့စားကလေး ဗိဇဂုတ္တာသည် ပျို့ရွယ်မှု၏ ပီတိ ရေလျှဉ်ကြောင့် နစ်မြုပ်နေသည်။ အပြင်ဘက်၌မူ တစ်ခဲနက် အမိုက်တိုက် ထဲ၌ ကမ္ဘာလောကကြီး တစ်ခုလုံးက နစ်မြုပ်နေသည်။

ဗိဇဂုတ္တက ရယ်လိုက်သည်။ "ပျို့ရွယ်မှုရဲ့ နိဂုံးဟာ ဘာများဖြစ်လိမ့်မလဲဆိုတာ စဉ်းစားနေတယ် စိတ္တရလေခါ"

စိတ္တရလေခါကလည်း ပြုံးလိုက်သည်။ သို့ရာတွင် သူ၏ အပြုံးသည် တဒင်္ဂ တစ်ခဏမျှသာ ခံ၏။ ချိုသာခြင်း၊ တက်ကြွရွှင်လန်းခြင်း အပြည့်ရှိသော ထိုအပြုံးသည် ဝေဒနာ ရောနှောသော တည်ကြည်ခြင်း အဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေ၏။ သူလည်း ထိုပြဿနာ အဖြေကို ရဖို့ရန် ကြိုးစားခဲ့ဖူးဟန်တူသည်။ သို့ရာတွင် ပြဿနာသည် မည်မျှလောက် ထိတ်လန့်ဖွယ် ကောင်းသနည်းဟူမူ သူသည် ထိုပြဿနာကို ကြာရှည်စွာ မတွေးတော မစဉ်းစားဝံ့ခဲ့ပေ။ သူ၏ ဦးခေါင်းသည် တွေဝေမူးမိုက်သွားခဲ့၏။ ထို့နောက်တွင်မူ သူသည် ထို ခဏတာအတွက် ထို စိတ်ဆင်းရဲစရာ အတွေးကို သေရည်ခွက်ထဲ၌သာလျှင် နစ်မြုပ်ပစ်လိုက်ရလေသည်။ ယနေ့ မမျှော်လင့်ဘဲနှင့် ထိုပြဿနာကို တစ်ဖန်ပြန်လည် ကြားရပြန်သဖြင့် သူသည် ထိတ်လန့်သွား၏။

"အသက်ရှင်နေတဲ့ သေခြင်းလား"

"အသက်ရှင်နေတဲ့ သေခြင်း ဟုတ်လား။ ဟင့်အင်း ... အဲဒါ မဖြစ်နိုင်ဘူး။ ပျို့ရွယ်မှုရဲ့ နိဂုံးဟာ မသိအပ်တဲ့ အမိုက်တိုက်တစ်ခု ဖြစ်တယ်။ အဲဒီ မသိအပ်တဲ့ အမိုက်တိုက်ရဲ့ လိုဏ်ခေါင်း ထဲမှာ ဘယ်အရာ ပုန်းအောင်းနေတယ် ဆိုတာကိုတော့ ကျုပ် မသိဘူး။ သိလိုတဲ့ စိတ်ဆန္ဒလည်း မရှိဘူး။ အတိတ်နဲ့ အနာဂတ် နှစ်မျိုးလုံးဟာ စိတ်ကူးထဲက အရာများသာ ဖြစ်ကြတယ်။ အဲဒါတွေနဲ့ ကျုပ် ဘာမှ မဆိုင်ဘူး။ ပစ္စုပ္ပန်သာ ကျုပ်တို့ရဲ့ ရှေ့မှောက်မှာ ရှိနေတယ်။ အဲဒီ ပစ္စုပ္ပန်ဟာ ..."

mgyoe.com

mgyoe.com


ဗိဇဂုတ္တ တန့်ရပ်သွား၏။ သူသည် ရှေ့စကား ဆက်ကို တွေးတော ရှာဖွေနေဟန် တူသည်။

"...အဲဒီပစ္စုပ္ပန်ဟာ ခံစား စံစားစရာ၊ ပျော်ရွှင် မြူးထူးစရာ ဖြစ်တယ်။ ကမ္ဘာလောကရဲ့ သုခဖြစ်တယ်။ ပျိုရွယ်မှုရဲ့ အနှစ်သာရ ဖြစ်တယ်"။ စိတ္တရလေခါက ပြုံးရယ်လျက် စကားဝါကျကို ဖြည့်ပေးလိုက်လေသည်။

ဗိဇဂုတ္တသည် စိတ္တရလေခါကို ဖွေ့ဖက်လျက် ပြောလိုက်ပြန်သည်။

"မင်းဟာ ကျုပ်ရဲ့ မူးယစ်ခြင်း ဖြစ်တယ်"

စိတ္တရလေခါက ပြန်ဖြေ၏။

"ရှင်ကတော့ ကျွန်မရဲ့ ရူးမူးခြင်း ဖြစ်တယ်"

စိတ္တရလေခါသည် ပြည့်တန်ဆာ မဟုတ်ပေ။ ကချေသည် သက်သက်သာလျှင် ဖြစ်သည်။ ပါဋလိပုတ် မြို့တော်မှ ထူးထူးခြားခြား လှပသူ ကချေသည်တစ်ဦးက ပြည့်တန်ဆာ ဘဝကို လက်မခံခြင်းကိုက တစ်မူ ထူးခြား၍နေသည်။ သို့ရာတွင် ယင်းသို့ ဖြစ်ရခြင်း၌ အကြောင်းရှိ၏။ ထိုအကြောင်းမှာ သူ၏အတိတ်ဘဝနှင့် နက်နဲစွာ ဆက်စပ်၍ နေသည်။

စိတ္တရလေခါသည် ဗြာဟ္မဏမျိုးနွယ် မုဆိုးမ ဖြစ်သည်။ သူသည် အသက်ဆယ့်ရှစ်နှစ် အရွယ်ကပင် မုဆိုးမဘဝသို့ ရောက်ရရှာသည်။ မုဆိုးမဘဝသို့ ရောက်ပြီးသည့် နောက်တွင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်းသည် သူ၏ စည်းကမ်းကျင့်ဝတ် ဖြစ်ခဲ့လေသည်။ သို့ရာတွင် ထိုအခြေအနေသည် တာရှည် မခံပေ။ တစ်နေ့သောအခါတွင်မူ သူ၏ ဘဝအတွင်းသို့ ကရိရှနဒိတျ ဝင်ရောက်လာလေ၏။ ကရိရှနဒိတျသည် ခတ္တိယနှင့် သုဒ္ဒ ကပြားတစ်ဦး ဖြစ်သည်။ သူသည် ရုပ်ရည်ပြေပြစ်ချောမောသူ လုလင်တစ်ဦး ဖြစ်၏။ သူ၏ အလှ၌ ထူးခြားသော စွဲလမ်း

mgyoe.com

mgyoe.com


တပ်မက်စရာ တစ်ခုရှိသည်။ ကရိရှုနဒိတျသည် မုဆိုးမ စိတ္တရလေခါ၏အကျင့်ကို ချိုးဖောက် ဖျက်ဆီး ပစ်လိုက်လေသည်။

အလှမယ် စိတ္တရလေခါ၏ ချိုးနှိမ်ဖိနှိပ်ထားသော ပျိုရွယ်မှုသည် ဖွံ့ထွားကြွရွလာသည်။ သူ၏ တရားဖက်လိုသည့် စိတ်သည် လောကီ အာရုံတို့၏ အကြား၌ အားပျော့ ညှိုးမှိန်လာသည်။ ကရိရှုနဒိတျသည် စိတ္တရလေခါအား သစ္စာထားလေ၏။

"ငါတို့ နှစ်ယောက် သက်ဆုံးတိုင် အတူတကွ ပေါင်းသင်းနေထိုင်သွားကြမယ်။ ဘယ်လိုအရာမျိုးကမှ ငါတို့ နှစ်ယောက်ကို ခွဲလို့ ကွဲမှာ မဟုတ်ဘူး"

စိတ္တရလေခါသည် ကရိရှုနဒိတျ၏ သစ္စာထားကို ယုံကြည်ကိုးစားခဲ့၏။ ထိုနောက်တွင်မူ ဖြစ်သင့် ဖြစ်ရမည့် အရာသည် ဖြစ်ပေါ်လာခဲ့လေသည်။

စိတ္တရလေခါသည် ကိုယ်လေးလက်ဝန် ဖြစ်ခဲ့လေ၏။ လျှို့ဝှက်ထားသော အချစ်သည် လူပုံအလယ်တွင် ဘွားဘွားပေါ်ခဲ့လေပြီ။ ကရိရှုနဒိတျ၏ ဖခင်သည် ကရိရှုနဒိတျအားလည်းကောင်း၊ စိတ္တရလေခါ၏ ဖခင်သည် စိတ္တရလေခါအားလည်းကောင်း အသီးသီး အိမ်က နှင်ထုတ်ပစ်လိုက်ကြလေသည်။ ကြေးရတတ် ဖခင်၏သားဖြစ်သူ ကရိရှုနဒိတျသည် ကိုယ်ဝန်အရင့်အမာနှင့် စိတ္တရလေခါ အလှကညာကို ခေါ်ခဲ့လျက် ဖုန်းတောင်းယာစကာကဲ့သို့ လူ့လောကထဲ ထွက်လာခဲ့လေ၏။ လူ့လောက၏ဝိုင်းပယ်ခြင်း၊ မေးငေါ့ခြင်းကို ခံရသဖြင့် ကရိရှုနဒိတျသည် စိတ်ထိခိုက်လာလေသည်။ ဤတံတွေးခွက်ထဲတွင် ပက်လက် မျောနေရသည့်ဘဝထက် အသက်ခန္ဓာ ဆုံးရှုံးသွားရခြင်းက ပိုမို၍ ကောင်းဦးမည်ဟု သူတွက်လိုက်သည်။ စိတ္တရလေခါ တစ်ကိုယ်တည်း ကျန်ခဲ့လေ၏။ သူ့ကို ကချေသည်တစ်ဦးက ခေါ်လျက် ကြည့်ရှုစောင့်ရှောက်ထားသည်။

mgyoe.com

mgyoe.com


စိတ္တရလေခါသည် သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်လာ၏။ သို့ရာတွင် ထိုကလေးငယ်သည် မွေးပြီး မကြာခင်မှာပင် လူ့လောကကို စွန့်ခွာသွားလေသည်။ စိတ္တရလေခါ၏ အသံသည် နူးညံ့ပျော့ပျောင်းသည်။ ရုပ်ရည် ရူပကာယသည် လှပချောမွတ်သည်။ မွေးမြူကြည့်ရှုထားသည့် ကချေသည်က စိတ္တရလေခါအား အကနှင့် ဂီတပညာကို သင်ကြားပေး၏။ ထို့နောက်တွင်မူ စိတ္တရလေခါလည်း ကချေသည်တစ်ဦး ဖြစ်လာခဲ့လေသည်။ သူသည် တစ်ဖန်ပြန်ပြီး မုဆိုးမဘဝ၏ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းရပြန်လေသည်။ ကရိရှနဒိတျနှင့် ကရိရှနဒိတျ၏သား နှစ်ဦးလုံးပင် စိတ္တရလေခါ၏ ဘဝအတွင်းသို့ ဝင်ရောက်လာကြပြီးနောက် ပြန်ထွက်သွားကြလေသည်။ သို့ရာတွင် နှစ်ဦးလုံးပင် ကိုယ်စီကိုယ်င အမှတ်သင်္ကေတများကို စိတ္တရလေခါ၏ နှလုံးသား ပေါ်၌ ချန်ထားပစ်ခဲ့ကြလေ၏။

ပါဋလိပုတ် မြို့သူမြို့သားတို့သည် စိတ္တရလေခါ၏ ခြေရင်းတွင် ဝပ်စင်း ခယကြလေ၏။ သို့ရာတွင် စိတ္တရလေခါသည် သူ၏ ကျင့်ဝတ်သိက္ခာကြောင့် ဖြစ်ပေါ်လာသည့် ဂုဏ်အသရေကို ထိန်းသိမ်းထားလေသည်။ ဩဇာတိက္ကမ ကြီးမားသူ မြို့စား၊ ရွာစား ကြေးရတတ်များနှင့် ရုပ်ရည် သနားကမား လူငယ်လူရွယ်များသည် သူ၏ အချစ်ကို ရယူလိုကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မရရှိကြပေ။ လူထု ပရိသတ်၏ ရှေ့မှောက်၌ ထို အလှကညာသည် ပေါ်ပေါက်လာပြီးလျှင် လျှပ်စစ်ပြက်လိုက်သကဲ့သို့ တစ်ချက်လက်လျက် ထို လူထုပရိသတ်၏ မျက်မှောက်မှ ပျောက်ကွယ်သွားတတ်လေသည်။ သူ့ကို တစ်ကြိမ်တစ်ခါ မြင်တွေ့လိုက်ရလျှင် တွေ့သူ၏ နှလုံး၌ နောက်တစ်ကြိမ် ထပ်တွေ့လိုသည့် ဆန္ဒသည် ဖျောက်ဖျက် မရနိုင်လောက်အောင်ပင် ပေါ်ပေါက်လာတတ်ပေသည်။

mgyoe.com

mgyoe.com


တစ်နေ့သ၌ ဗိဇဂုတ္တသည် စိတ္တရလေခါ၏ အကကို ကြည့်ရှုရန် ရောက်လာလေသည်။ ကရင်း ကရင်းနှင့် စိတ္တရလေခါ၏ မျက်စိသည် ဗိဇဂုတ္တ ရှိရာသို့ ရောက်သွား၏။ သူ၏ မျက်နှာသည် ရုတ်တရက် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ကရိရှနဒိတျ နတ်ပြည် နတ်လောကမှ ဆင်းသက်လာပြီးလျှင် သူ၏ အကကိုများ လာကြည့်နေသလားဟု သူ ထင်မှတ် မှားနေမိသည်။ သူသည် ရုတ်တရက် တန့်ရပ်သွား၏။ ခဏတာမျှ မိမိကိုယ်နှင့်တကွ မျက်မှောက်တွင် ထိုင်နေကြသည့် လူထုပရိသတ်ကိုပါ မေ့သွားပြီးလျှင် ဗိဇဂုတ္တကို စူးစိုက်ကြည့်ရှုနေမိ၏။ ဗိဇဂုတ္တသည် လူရွယ်တစ်ဦး ဖြစ်သည်။ သူ၏ အသက်မှာ နှစ်ဆယ့်ငါးနှစ်လောက်ပင် ရှိပေလိမ့်ဦးမည်။ စိတ္တရလေခါ၏ ရုပ်ပါရုံညို့ဓာတ်ကြောင့် သူကလည်း စိတ္တရလေခါကို စိုက်ကြည့်နေ၏။ သူ၏ မျက်လုံးများသည် စိတ္တရလေခါ၏ မျက်လုံးများနှင့် သွားဆုံကြလေ၏။ လူထုပရိသတ်၏ မျက်လုံးများသည် စိတ္တရလေခါ၏ အကြည့်ခံနေရသူဆီသို့ စုပြုံရောက်သွားကြလေ၏။ လူအများ၏ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသည်။ "အလို ဘယ်သူလဲလို့ ... ဗိဇဂုတ္တ ပါကလား"

စိတ္တရလေခါကလည်း ထိုအသံကို ကြားလိုက်ရ၏။ သူ့အမှားကို သူ နောင်တ ရနေသည်။ သို့ရာတွင် နောင်တရခြင်းထက် ဒေါသဖြစ်ခြင်းက ပိုမိုလွှမ်းကဲနေ၏။ ဗိဇဂုတ္တ ဆီမှ မိမိ၏မျက်လုံးများကို လွှဲလိုက်ပြီးလျှင် သူသည် အကကို ပြန်ကောက်လေသည်။ အက ပြီးဆုံးသွားသည့်အခါတွင်မှ ဗိဇဂုတ္တသည် စိတ္တရလေခါ အနီးသို့ ကပ်သွားလျက် ပြောလိုက်သည်။

"မင်းအိမ်မှာ ... မင်းနဲ့ တစ်ခါလောက် မတွေ့ရဘူးလား စိတ္တရလေခါ"

စိတ္တရလေခါသည် ဗိဇဂုတ္တကို ကြည့်၍ ရယ်လိုက်သည်။ "ဟင့်

mgyoe.com

mgyoe.com


အင်း ...။ ကျွန်မ တစ်ဦးချင်းနဲ့ အတွေ့မခံဘူး။ လူစုလူဝေး ရှေ့ကိုပဲ ကျွန်မ လာတယ်။ ကျွန်မရဲ့ ဘ၀ဟာ တစ်ဦးချင်းနဲ့ ဘယ်လိုမှ မဆက်စပ်ဘူး"

ဗီဇဂုတ္တ၏ ဖျော့လင့်ချက်ပေါ်၌ မြူနှင်း လွှမ်းသွားလေပြီ။ သူ၏ ပွင့်လန်းလျက်ရှိသော မျက်နှာသည် ညှိုးရော်သွားလေပြီ။ သို့ဖြစ်လင့်ကစား သူသည် အရဲစွန့်လိုက်ပြန်၏။

"လူစုလူဝေး ဆိုတာ တစ်ဦးချင်းနဲ့သာ တည်ဆောက် ဖန်တီးထားတာ ဖြစ်တယ်။ လူစုလူဝေးရဲ့ မွတ်သိပ်ခြင်းဟာ အဲဒီ လူစု လူဝေးထဲက တစ်ဦးချင်း တစ်ဦးချင်းရဲ့ မွတ်သိပ်ခြင်းပဲ မဟုတ်လား။ ဘာများ ထူးခြားချက် ရှိသေးလို့တုံး"

"ထူးခြားချက်ကို သိချင်ရင် နားထောင်ပါ။ အားလုံးက လူစု လူဝေးရဲ့ ပျော်ရွှင်မှုလို့ ခေါ်တဲ့ အရာဟာ အမှန်ကတော့ ... လူစု လူဝေးထဲမှာရှိတဲ့ တစ်ဦးချင်းတွေရဲ့ ငိုကြွေးမြည်တမ်းမှု အစုအပေါင်း ဖြစ်တယ်။ အားမဲ့သူတွေရဲ့ ညည်းညူမှုများ ပေါင်းစုပြီးတော့ လူစုလူဝေးရဲ့ တော်လှန်ပုန်ကန်မှု ဆိုတဲ့အသွင် ပေါ်ပေါက်လာနိုင်တယ်။ ပြီးတော့ လူစုလူဝေးကြောင့် တစ်စုံတစ်ခု ထိခိုက်နစ်နာမှု ဖြစ်နိုင်စရာ မရှိပေမဲ့ တစ်ဦးချင်းရဲ့ ငါစွဲ၊ အတ္တစွဲ ဟာ ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်တယ်"

ဗီဇဂုတ္တသည် အချစ်ကို ရယူရန် ရောက်လာခြင်း ဖြစ်သည်။ အဘိဓမ္မာ သဘောတရားကို ဆွေးနွေးငြင်းခုံရန် လာရောက်ခြင်း မဟုတ်ပေ။ သူက ပြောပြန်၏။ "ဒါဖြင့် မင်းရဲ့ တံခါးဟာ ... ကျုပ်အတွက် ပိတ်ထားတယ်လို့ပဲ မှတ်ရတော့မှာပေါ့"

စိတ္တရလေခါသည် ပထမအတိုင်းပင် အေးတိအေးစက်နှင့် ပြန်ဖြေလေ၏။ "တစ်ဦးချင်းအတွက် ဆိုရင်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ တစ်ဦးချင်းဟာ လူစုလူဝေးရဲ့ အစိတ်အပိုင်း ဆိုရင်တော့ ရှင် ပြောသလို မဟုတ်ပါဘူး"

mgyoe.com

mgyoe.com


ဗီဇဂုတ္တာသည် စိတ်ပျက်အားလျော့စွာဖြင့် မချိပြုံး ပြုံးလိုက်သည်။ "တစ်ဦးချင်းဟာ လူ့ဘဝမှာ ပြဋ္ဌာန်းတဲ့ အဓိကဖြစ်တဲ့ အရာဖြစ်တယ်။ လူစုလူဝေးဆိုတာ တစ်ဦးချင်းတွေနဲ့ပဲ တည်ဆောက်ထားတာဖြစ်တယ်။ အဲဒီ တစ်ဦးချင်းဟာ အပယ်ခံဘဝ ရောက်ပြီး လူစုလူဝေးရဲ့ အစိတ်အပိုင်းလုပ်ရင်တော့ ... ကိုယ့်ကိုယ်ကိုယ် ပြန်စော်ကားတာပဲ"

ယင်းသို့ ပြောပြီးလျှင် ဗီဇဂုတ္တာသည် မြားအဟုန်ကဲ့သို့ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဗီဇဂုတ္တာ ထွက်သွားလေပြီ။ သို့ရာတွင် သူသည် စိတ္တရလေခါ၏ နှလုံးထဲ၌ ခံစားမှုတစ်မျိုးကို ဖန်တီးပစ်ခဲ့လေ၏။

တစ်နေ့ တစ်နေ့နှင့် တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သော်လည်း စိတ္တရလေခါသည် ဗီဇဂုတ္တာကို နောက်ထပ် မတွေ့ရတော့ပေ။ သူ၏ အပေါ်ယံ ဥပေက္ခာသဘောသည် လွင့်စဉ်ပျောက်ကွယ်သွားလျက် သူ၏နှလုံးထဲ၌ ဗီဇဂုတ္တာကို လွမ်းဆွတ်တသခြင်းသည် ကြိတ်မနိုင်ခဲမရ အင်အားကြီးမားလာ၏။ သူသည် အခါခပ်သိမ်းပင် ပွဲကြည့်ခန်းဆောင်တွင် ထိုင်နေကြသည့် ပွဲကြည့်ပရိသတ်ထဲ၌ ဗီဇဂုတ္တာကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်သည်။ သို့ရာတွင် နောက်ဆုံး၌ လက်လျှော့ရလေ၏။

အကြိမ်ပေါင်း သိန်းသန်းမက ဖိနှိပ်ချိုးနှိမ်ရန် ကြိုးစားပါသော်လည်း အာသာဆန္ဒသည် အားကောင်းမြဲ ကောင်းနေ၏။ တစ်နေ့သ၌ စိတ္တရလေခါသည် သူ၏ ကျွန်မ အား မေးလိုက်သည်။ "ဒီမြို့ထဲမှာ ဗီဇဂုတ္တာလို့ ခေါ်တဲ့ လူတစ်ယောက်များ မရှိဘူးလား"

ကျွန်မက ပြန်ပြောသည်။

"ဗီဇဂုတ္တာကို မသိသူ ဘယ်ရှိမလဲ။ ဒီမြို့ထဲက ရုပ်အချောဆုံး သြဇာအညောင်းဆုံး မြို့စားကလေးပေါ့"

mgyoe.com

mgyoe.com


စိတ္တရလေခါသည် စာတစ်စောင် ရေးလျက် ကျွန်မအား ဗိဇဂုတ္တ ထံ သွား အပေးခိုင်းလိုက်လေ၏။

ကျွန်မသည် ဗိဇဂုတ္တထံ သွားပြီး စိတ္တရလေခါ၏ စာကို ပေး လိုက်သည်။ စာထဲ၌ ဤသို့ ရေးသားထားသည်။ "စိတ္တရလေခါသည် အပြန်ပြန် အထပ်ထပ် စဉ်းစားလျက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ ဤသို့တည်း။ သူ၏ဘဝထဲ၌ တစ်ဦးချင်းအနေ အားဖြင့် ပုဂ္ဂိုလ်တစ်ဦးသာလျှင် ဝင်ရောက်လာနိုင်၏။ ထိုပုဂ္ဂိုလ်မှာ အခြား မဟုတ်၊ ဗိဇဂုတ္တပင် ဖြစ်သည်"

စာကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဗိဇဂုတ္တ တစ်ကိုယ်လုံး တွင် ပီတိလွှမ်းသွားသည်။ ထိုနေ့မှ အစပြုလျက် ထိုပုဂ္ဂိုလ်နှစ်ဦးသည် ဆက်ဆံပေါင်းဖက်လာခဲ့လေ၏။ သို့ရာတွင်... စိတ္တရလေခါသည် ပြည့်တန်ဆာမှုကား မဟုတ်ပေ။

ဗိဇဂုတ္တက ရယ်ပြီး ပြောလိုက်သည်။ "မူးယစ်ခြင်းနဲ့ ရူးမူးခြင်း၊ အဲဒီနှစ်မျိုးဟာ အမြဲတစေပဲ အတူတကွ ရှိလာခဲ့တယ်။ နောင်လည်း ရှိနေမှာပဲ စိတ္တရလေခါ။ ကျုပ်တို့နှစ်ဦးဟာ ဘယ်လောက် ချမ်းသာသုခနဲ့ ပြည့်ဝနေသလဲ"... ထိုအခိုက်တွင် စိတ္တရလေခါကလည်း ပြုံးနေသည်။

ထိုအချိန်၌ စောင်းသံ ရပ်သွားလေ၏။ တံခါးစောင့်က လှမ်း၍ အသံ ခပ်ကျယ်ကျယ်ဖြင့် အကြောင်းကြားလိုက်သည်။ "သခင် ... တံခါးဝ မှာ ဧည့်သည်တွေ ရောက်နေပါတယ်။ ဘယ်လိုပြောလိုက်ရမလဲ"

ဗိဇဂုတ္တသည် စိတ္တရလေခါအား ပွေ့ဖက်ထားခြင်းကို လျှော့ လိုက်လေသည်။ စိတ္တရလေခါက ခပ်ခွာခွာ ဖယ်၍ ထိုင်နေလိုက်လေ ၏။ ဗိဇဂုတ္တသည် အလုပ်အကျွေးတစ်ဦးအား ... "ဧည့်သည်တွေကို ဒီခေါ်ခဲ့"... ဟု ပြောပြီးလျှင် သေရည်ခွက်ထဲမှ လက်ကျန်ကို ရှင်းပစ် လိုက်လေသည်။

mgyoe.com

mgyoe.com


ညကြီးအချိန်မတော် ဘယ်လို ဧည့်သည်များ လာပြန်ပါလိမ့်ဟု စဉ်းစားတွေးတော နေစဉ်မှာပင် သေတံကနှင့် အတူတကွ ရသေ့ကြီး ရတနမ္ဗရသည် ဗီဇဂုတ္တ၏ခန်းဆောင်ထဲသို့ ရောက်လာလေ၏။ ရတနမ္ဗရကို တွေ့ရသဖြင့် ဗီဇဂုတ္တသည် ထ၍ အရိုအသေ ပြုလိုက်သည်။ စိတ္တရလေခါကလည်း ဦးခေါင်းကို ညွှတ်လိုက်လေ၏။

ခန်းဆောင်ကို တစ်ချက် စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက် ရတနမ္ဗရ၏ မျက်လုံးများသည် စိတ္တရလေခါ ရှိရာတွင် တန့်ရပ်သွားကြသည်။ ခေတ္တခဏမျှ တန့်ရပ်နေပြီးနောက် ရတနမ္ဗရသည် … "ညအချိန်မတော်မှာ ဗီဇဂုတ္တရဲ့ခန်းဆောင်ထဲ မြို့ရွာရဲ့ အလှဆုံး၊ အချောဆုံး ကချေသည် ရောက်နေတယ်နော်။ အံ့သြစရာပဲ" ဟု … ပြောလျက် နေရာလွတ်တွင် ဝင်ထိုင်လိုက်လေ၏။ သေတံကကမူ မတ်တတ်ရပ်နေသည်။

ဗီဇဂုတ္တက ရတနမ္ဗရအား မေးလိုက်သည်။ "ဘယ်လိုကိစ္စများ ရှိလို့ ညကြီး အချိန်မတော်မှာ ဒုက္ခခံပြီး တပည့်တော် ဆီကို ကြွရောက်လာပါသလဲ"

ရတနမ္ဗရက ရယ်လိုက်လေ၏။ "ဗီဇဂုတ္တ၊ မင်းကိုတော့ အကြောင်းစုံ ဖွင့်ပြီး ပြောရတော့မှာပဲ။ ဒီကနေ့ ငါ့ ဟောဒီတပည့်က … 'မကောင်းမှုဆိုတာ ဘာလဲ' လို့ ငါ့ကို မေးခွန်းထုတ်တယ်။ ငါ သူ့မေးခွန်းကို ပြန်မဖြေနိုင်ဘူး။ မင်း ငါ့ကို အကူအညီ ပေးနိုင်တယ်။ မင်းဟာ ငါ့တပည့် တစ်ဦးဖြစ်တယ်။ ဒါပေမဲ့ ငါ မင်းဆီက ဘယ်တုန်းကမှ တစ်စုံတစ်ခုကို အလှူ မခံခဲ့ဘူး။ မကောင်းမှုဆိုတာ ဘာလဲလို့ စူးစမ်းထောက်လှမ်းရန် အတွက် ဖြဟ္မစာရီ ရသေ့သူတော်တို့ရဲ့ ကျောင်းသခ်မ်းဟာ သင့်တင့် လျောက်ပတ်တဲ့ ဌာန မဟုတ်ဘူး။ ကမ္ဘာလောကရဲ့ ကာမဂုဏ်အာရုံထဲမှာသာ မကောင်းမှုဒုစရိုက်ကို ရှာဖွေ စူးစမ်းလို့ ဖြစ်နိုင်ဖို့ရှိတယ်။ မင်းရဲ့ စံအိမ်၊ မင်းရဲ့ အပေါင်းအသင်း၊ မင်းရဲ့ ပတ်ဝန်းကျင် လူ့လောက၊ အဲဒီ

mgyoe.com

mgyoe.com


အရာတွေနဲ့ သေတံကကို ရင်းနှီးအောင် လုပ်ပေးဖို့ လိုလိမ့်မယ်။ သူ့ကို အလုပ်အကျွေး သဘောမျိုးနဲ့ မင်းက လက်ခံထားစေချင်တယ်။ ဒါပေမဲ့ တစ်ခုတော့ သတိထားရလိမ့်မယ်။ သူဟာ မင်းနဲ့ ဆရာတူ တပည့်ချင်း လည်း ဖြစ်နိုင်တယ်"

"အရှင်မြတ်ရဲ့ အမိန့်ကို ဦးထိပ် ရွက်ပါတယ်ဘုရား"... ဗိဇဂုတ္တ သည် ဦးညွတ်လိုက်လေ၏။

"ကောင်းပြီ ...။ ငါ သွားတော့မယ်။ ငါ့ အလုပ် တစ်ခုတော့ ပြီးမြောက် အောင်မြင်သွားပြီ။ ဒီမှာ သေတံက၊ ဗိဇဂုတ္တဟာ မင်းရဲ့ သခင်၊ မင်းက သူ့ အလုပ်အကျွေး ဆိုတာ မှတ်ထားရလိမ့်မယ် သိလား။ ဒီမှာ ရှိတဲ့ ကာမဂုဏ် အာရုံတွေကို ခံစား စံစား။ ပြီးတော့ မကောင်းမှုဆိုတာ ဘာလဲလို့ ... ကြိုးစားပြီး စူးစမ်းလေ့လာ။ အကောင်းနဲ့ အဆိုး အဲဒီနှစ်မျိုး လုံးပဲ မင်း ရှေ့မှောက် ရောက်လာလိမ့်မယ်။ ဒါပေမဲ့ ကောင်းတဲ့ အရာ ဝတ္ထုဆိုတာ မင်းအတွက် အကောင်းဖြစ်တာနဲ့အမျှ သူတစ်ပါးအတွက် လည်း အဆိုးမဖြစ်ရဘူး ဆိုတဲ့ မှတ်ကျောက်ကိုတော့ နှလုံးမှာ ပိုက်ထား ရလိမ့်မယ်။ ဗိဇဂုတ္တ၊ မင်းကို ငါနောက်ဆုံး ပြောချင်တာကတော့ သေတံက ရဲ့အပြစ်ကို တွေ့လို့ရှိရင် သည်းခံစေချင်တယ်။ သူက အခု လူမမည် သာသာ ပဲ ရှိသေးတယ်။ ကမ္ဘာလောကထဲမှာ အခုမှ ခြေချခါစ ရှိသေး တယ်"

ယင်းသို့ ပြောပြီးလျှင် ရတနမ္ဗရသည် ခန်းဆောင်ထဲမှ ထွက်ခွာ သွားလေ၏။

ရတနမ္ဗရ ထွက်ခွာသွားပြီးသောအခါ ဗိဇဂုတ္တသည် သေတံက ကို စေ့စေ့ကြည့်ပြီးလျှင် ... "မင်းနာမည်က သေတံက လို့ ခေါ်တယ်နော်။ မင်း ဒီနေ့ကစပြီး ငါ့ အလုပ်အကျွေး ဖြစ်ပြီပေါ့ ဟုတ်လား" ဟု ပြော လိုက်လေ၏။ သူ၏ မျက်နှာပေါ်၌မူ မသိမသာ အပြုံးပေါ်လာလေသည်။

mgyoe.com

mgyoe.com



တစ်ဖန် စိတ္တရလေခါဘက်ကို လက်ညှိုးညွှန်လျက် ဗိဇဂုတ္တက ... "သေတံက ... မင်း သူ့ကို သိသလား" ဟု မေးလိုက်လေ၏။

ညဥ့်အချိန် မီးရောင်များဖြင့် တလက်လက် တောက်ပ၍ နေသော ပြင်ဆင်မွမ်းမံထားသည့် ခန်းဆောင်ထဲရှိ စိတ္တရလေခါ၏ ယစ်မူးစေတတ်သည့် အလှကို တွေ့ရသဖြင့် သေတံက၏ မျက်လုံးများ သည် ကျိန်းသွားလေ၏။ သူက ပြောလိုက်လေသည်။ "ဟင့်အင်း၊ မသိဘူး"

"ကောင်းပြီ ... မသိရင် ငါပြောပြမယ် နားထောင်။ သူ့နာမည်က စိတ္တရလေခါလို့ ခေါ်တယ်။ သူဟာ ပါဋလိပုတ်မြို့က အလှဆုံး ကချေ သည် ဖြစ်ပေမဲ့ ငါ့ ကြင်ရာ ဇနီးနဲ့ ဘာမှ မခြားဘူး။ ဒါကြောင့်မို့ သူဟာ မင်းရဲ့ သခင်မလို့လည်း ဆိုနိုင်တယ်"

ယင်းသို့ ပြောပြီးလျှင် ဗိဇဂုတ္တသည် ရယ်လိုက်လေ၏။

"မင်း အံ့ဩချင် အံ့ဩနေလိမ့်မယ်။ ဒါပေမဲ့ ဘာမှ အံ့ဩစရာ မလိုဘူး။ ဒီမှာနေပြီး မင်းဟာ ပတ်ဝန်းကျင်နဲ့ နှီးနှောမိအောင် လုပ်နိုင် ကောင်းစရာ ရှိပါတယ်။ ရော့ ... ဟောဒီ သေရည်ခွက်ကို မင်း သခင်မကို ပေးလိုက်စမ်း"

ယင်းသို့ ပြောလျက် ဗိဇဂုတ္တသည် ရနံ့ကြိုင်သင်း၍ နေသော သေရည်အပြည့်ထည့်ထားသည့် ရွှေခွက်ကို သေတံက၏ လက်ထဲ ထည့် လိုက်လေ၏။

သေတံကသည် သေရည်ခွက်ကို စိတ္တရလေခါအား လှမ်းပေး လိုက်လေသည်။ သေရည်ခွက်ကို လှမ်းပေးရင်းနှင့် သေတံက၏ လက် သည် စိတ္တရလေခါ၏ လက်နှင့် ထိသွားလေ၏။ ထိုအတွေ့အထိကြောင့် သေတံကသည် တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားလေ၏။ စိတ္တရ လေခါသည် သေတံကကို ကြည့်လိုက်သည်။

mgyoe.com

mgyoe.com


"လုလင် ... ဒီဆန်းကြယ်လှတဲ့ လူ့လောကထဲကို ပထမဆုံး အကြိမ်ရောက်ရှိလာတဲ့ အထိမ်းအမှတ်နဲ့ သင့်ကို ဂုဏ်ပြုလိုက်ပါတယ်"

ယင်းသို့ ပြောလျက် စိတ္တရလေခါသည် သေရည်ခွက်ကို မော့ချ လိုက်လေသည်။

ထိုအချိန်၌ အစောင့်က ကျယ်စွာသောအသံဖြင့် ... "အိပ်ချိန် တန်ပါပြီ" ဟု ဟစ်လိုက်လေ၏။

ဗိဇဂုတ္တက စိတ္တရလေခါအား မေးလေသည်။ "ဘယ့်နှယ့်လဲ၊ ဒီမှာ အိပ်မလား၊ အိမ်ကို ပြန်မလား"

စိတ္တရလေခါသည် မတ်တတ်ရပ်လိုက်သည်။ တံခါးဝဘက်သို့ ခြေလှမ်းလှမ်းရင်း သူက ပြန်ပြောသည်။ "အိမ်ကို ပြန်တာပဲ ကောင်း ပါလိမ့်မယ်။ ဒါပေမဲ့ တစ်ယောက်တည်း ပြန်လို့တော့ ဖြစ်မယ်မထင် ဘူး"

ထိုအခိုက်၌ သူ၏ ခြေထောက်များမှာ သိုင်းကွက် နင်းနေကြ၏။

လက်ပါးစေ မိန်းမသည် ခန်းဆောင်ထဲသို့ ဝင်လာလေ၏။ ဗိဇ ဂုတ္တလည်း မတ်တတ် ရပ်လိုက်သည်။ "ဟုတ်တယ် ... ဒီအချိန်ကြီးမှာ တစ်ယောက်တည်း ပြန်လို့ မတော်ဘူး"

အတန်ကြာမျှ စဉ်းစားနေပြီးနောက် ဗိဇဂုတ္တသည် သေတံက ဘက်သို့ လှည့်၍ ပြောလိုက်သည်။ "တံခါးဝမှာ ရထား ရပ်ထားတယ်။ အဲဒီရထားနဲ့ မင်း မင်းသခင်မကို သူ့အိမ် လိုက်ပို့လိုက်စမ်း သိလား။ မင်း ပြန် မလာခင် မင်းအတွက် အိပ်ဖို့ အိပ်ခန်း အသင့် ပြင်ထားနှင့်မယ်"

သေတံကသည် စိတ္တရလေခါနှင့် အတူတကွ ထွက်သွားလေ သည်။ ဗိဇဂုတ္တသည် လက်ပါးစေ မိန်းမအား သေတံကအတွက် အိပ်ခန်း ပြင်ထားဖို့ အမိန့်ပေးလျက် အိပ်ရာထဲ ဝင်သွားလေ၏။

■

mgyoe.com

mgyoe.com

# အခန်း နှစ်

ကုမာရဂိရိသည် ယောဂီတစ်ဦး ဖြစ်သည်။

ယောဂီလား၊ မှန်သည်။ အကြောင်းမူ သူသည် ... လူ့လောကကို စွန့်ပယ်ထားသူဖြစ်သောကြောင့်တည်း။ အဘယ့်ကြောင့် လူ့လောကကို စွန့်ပယ်ထားသနည်း။ စိတ်ကူးယဉ် တခြားလောကတစ်ခုသို့ ရောက်ဖို့ရန်အတွက် စွန့်ပယ်ထားခြင်း ဖြစ်သည်။ ထိုလောကသည် ချမ်းသာသုခ အပြည့်အဝ ရှိလိမ့်မည်ဟု သူ မျှော်လင့်သည်။ လူ့လောက အသိုက်အဝန်းကို သူ မနှစ်သက်ပေ။ စိတ်ကူးယဉ် အသိုက်အဝန်း တစ်ခုဆီသို့သာ သူ့စိတ်အာရုံ ရောက်နေသည်။ လူ့လောကထဲတွင် ငြိမ်းချမ်းရေးကို သူ ရှာမတွေ့။ သို့ဖြစ်၍ ငြိမ်းချမ်းရေး တွေ့မြင်ရရှိရေးအတွက် လူ့ဘောင်ကို ရှောင်ခွာခဲ့ရလေသည်။ သူသည် ချုပ်တည်းမှုနှင့် စောင့်စည်းမှု နှစ်မျိုးကို စိတ်ချ ယုံကြည်သည်။ အလိုရမ္မက်များကို ကွပ်ကဲ ထိန်းချုပ်ထားသည်။

ယောဂီ ကုမာရဂိရိတွင် စွမ်းရည်သတ္တိများလည်း ရှိသည်။ သို့ရာတွင် သူသည် ယင်း စွမ်းရည်သတ္တိများကို စုဆောင်း သိုမှီးထားခြင်း၌သာလျှင် ယုံကြည်မှုရှိသည်။ ယင်း စွမ်းရည် သတ္တိများကို အသုံးချခြင်း

mgyoe.com

mgyoe.com


၌မှု ယုံကြည်မှု မရှိပေ။ သူ၏ စိတ်နှလုံးသည် ဆိတ်ငြိမ်ရာ၌သာလျှင် မွေ့လျော်၏။ သူသည် စိတ်ကို တစ်သမတ်တည်း ထားလျက် သမထ တရားကိုလည်း ပွားများနိုင်သည်။ သူသည် မိမိကိုယ်ကို ညှဉ်းပန်း နှိပ်စက်သည်။ ပူလောင်စေသည်။ သို့ရာတွင် ဆင်းရဲဝင်ပန်းခြင်း မဖြစ် ပေ။ ကိုယ်ကာယက ပူလောင်နေသော်လည်း ယင်းကဲ့သို့သော ပူလောင် ခြင်းကို လောက အပြင်ဘက်ရှိ ချမ်းသာသုခကို စိတ်ကူးယဉ်မှုက အေး အောင် ဖန်တီးပေးနေသည်။ သူသည် အာသာဆန္ဒများကို ချိုးနှိမ် ဖိနှိပ် ထားသည်။ အဘယ်ကြောင့်နည်းဟူမူ အာသာဆန္ဒများကြောင့်သာလျှင် လူသည် မကောင်းမှု ဒုစရိုက်များကို ကျူးလွန် ပြုလုပ်တတ်သောကြောင့် ဖြစ်သည်။

ယောဂီ ကုမာရဂိရိသည် ချမ်းသာ သုခနှင့် ပြည့်စုံသူဖြစ်သည်။ သူသည် အတွေး ပင်လယ်ထဲတွင် နစ်မြုပ်၍ နေသည်။ သူ၏ မျက် မှောက်၌ အလိုဆန္ဒ လောက မရှိပေ။ သို့ဖြစ်၍ အလိုဆန္ဒ မပြည့်စုံမှု ကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲပူပန်မှုမျိုး သူ့တွင် မရှိပေ။ သူ့ဘဝ၏ ငြိမ်သက် ရပ်တန့်နေမှု အပေါ်၌ အသိဉာဏ် ပညာနှင့် စဉ်းစားဆင်ခြင် ခြင်း အဖုံး ဖုံးအုပ်ထားသည်။ ချမ်းသာသုခသည် စိတ်ကူးယဉ် ဖြစ်သည်။ တင်းတိမ်ရောင့်ရဲခြင်း ဖြစ်သည်။ ဆာလောင်မွတ်သိပ်မှု မရှိခြင်းကြောင့် တင်းတိမ်ရောင့်ရဲခြင်း၏ အဓိပ္ပာယ် ကင်းမဲ့ချင် ကင်းမဲ့နေမည် ဖြစ်သော် လည်း ယင်းသို့သော အခြေအနေမျိုး၌ စိတ်နှလုံးအပေါ်တွင် မည်ကဲ့သို့ သော ဝန်ထုပ်ဝန်ပိုးမျှ မရှိပေ။ နာကျင်ခြင်းကို မသိ နားမလည်ခြင်းသည် အဓိက ဖြစ်သည်။ ကြောင့်ကြပူပန်မှု ကင်းသည့် ခပ်ပေါ့ပေါ့ စိတ်နှလုံး ကို စိတ်ကူးယဉ် လောကထဲ ခေါ်ငင်သွားဖို့ရန်မှာ လွယ်ကူလှသည်။ ယောဂီ ကုမာရဂိရိသည် မေ့လျော့ခြင်း၏ ရင်ခွင်ထဲ၌ ရှိသည်။ မိမိကိုယ် ကို မေ့လျော့ခြင်းနှင့် စိတ်ကူးယဉ်ကို အထင်မှားခြင်း ... ယင်း နှစ်မျိုး

mgyoe.com

mgyoe.com


တွင် ထူးထူးခြားခြား မှုးယစ်၍ နေသည်။ စိတ်ကူးယဉ် လိုအင်ဆန္ဒတစ်ခု ရှိသည်။ စိတ်ကူးယဉ် ရောင့်ရဲ တင်းတိမ်မှုလည်း ရှိသည်။ ယင်း စိတ်ကူးယဉ် နှစ်မျိုးကြောင့် ဖြစ်ပေါ်လာသော ချမ်းသာသုခထဲတွင် သူသည် နှစ်မြုပ်၍ နေသည်။

ထို့ကြောင့် ကုမာရဂိရိသည် ယောဂီတစ်ဦး ဖြစ်နေသည်။

မခုပါလသည် ယောဂီ ကုမာရဂိရိ၏ တပည့်ဖြစ်သည်။ သူသည် ကုမာရဂိရိ၏ စွမ်းရည်သတ္တိတို့ကို သိရှိသည်။ အံ့သြလည်း အံ့သြသည်။

မခုပါလက မေးလိုက်လေ၏။ "အရှင် ... ချုပ်တည်းခြင်းရဲ့ ရည်မှန်းချက်ဟာ အဘယ်အရာ ဖြစ်ပါသလဲ"

ကုမာရဂိရိသည် ကိုယ်ကို ပြင် ထိုင်လိုက်လေ၏။ "ငြိမ်းချမ်းမှု ပြီးတော့ ... ငြိမ်းချမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရွှင်လန်းဝမ်းမြောက်မှု"

မခုပါလက တစ်ဖန် မေးလိုက်ပြန်လေ၏။ "အရှင် ... ကမ္ဘာလောကရဲ့ တကယ့်အလျဉ်၊ တကယ့် အစဉ် အစစ်အမှန်ဟာ ဘယ်အရာ ဖြစ်ပါသလဲ"

"ဗဟိဒ္ဓအမြင်နဲ့ ကြည့်ရင် ပြောင်းလဲခြင်း၊ အဇ္ဈတ္တအမြင်နဲ့ ကြည့်ရင်တော့ သုည။ သုညနဲ့ ပြောင်းလဲခြင်း ... အဲဒီနှစ်မျိုးရဲ့ ထူးထူးဆန်းဆန်း ပေါင်းစုံမှုကို မင်း အံ့သြချင် အံ့သြနေလိမ့်မယ်။ အဲဒီနှစ်မျိုး ဘယ်နည်း ဘယ်ပုံတစ်မျိုးတည်း၊ တစ်စားတည်း ဖြစ်နိုင်သလဲ ... ဆိုတဲ့ မေးခွန်းဟာ သဘာဝကျတဲ့ မေးခွန်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လူဟာ ပြောင်းလဲခြင်းနဲ့ သုညရဲ့ ကွဲပြားခြားနားမှု အဆင့်ထက်မြင့်တဲ့ အဆင့်ကို ရောက်ရင်၊ ပြောင်းလဲခြင်းနဲ့ သုညကို မခွဲခြားတော့လို့ရှိရင်၊ အဲဒီ အဆင့်ဟာ အသိဉာဏ်ရဲ့ နောက်ဆုံးပိတ်အဆင့် ဖြစ်တယ်။ ကမ္ဘာလောက ဆိုတာ ဘာလဲ၊ သုည ဖြစ်တယ်။ ပြောင်းလဲခြင်းဆိုတာကတော့ ... အဲဒီသုညရဲ့ ရွေ့လျားခြင်း ဖြစ်တယ်။ ပြောင်းလဲခြင်းဆိုတာ စိတ်ကူး

mgyoe.com

mgyoe.com


ယဉ် ဖြစ်တယ်။ စိတ်ကူးယဉ် ကိုယ်တိုင်ကပဲ သုညဖြစ်တယ်။ သဘော ပေါက်တယ် မဟုတ်လား"

မခုပါလသည် ကုမာရဂိရိ၏ အဖြေကို မကျေနပ်ပေ။ ဘဝင်မကျ ဖြစ်နေသည်။ "အရှင် ... ကမ္ဘာလောကဟာ သုည ဖြစ်တယ်လို့ အရှင်က ပြောတယ်။ ကျွန်ုပ် သဘော မပေါက်ဘူး။ မျက်မှောက်မှာ မြင်တွေ့နေရ တဲ့ အရာဝတ္ထုဟာ ဘယ်ပုံဘယ်နည်းနဲ့ သုည ဖြစ်နိုင်မလဲ"

ကုမာရဂိရိက ရယ်လိုက်လေ၏။ "ယောဂအကျင့် လိုအပ်တာ ဒီနေရာမျိုးမှာပေါ့။ ယောဂီ လုပ်တဲ့လူဟာ မျက်စိကို မှိတ်လိုက်လို့ရှိရင် အဲဒီအခါမျိုးမှာ ပြန့်ကျယ်ကြီးမားတဲ့ သုညတစ်ခုမှတစ်ပါး တခြား ဘာမှ မရှိတော့ဘူး။ အဲဒီ သုညထဲမှာ သုခနဲ့ ဒုက္ခ၊ ချစ်ခင်ခြင်းနဲ့ ကွေကွင်းခြင်း၊ နေ့နဲ့ည၊ ဗြဟ္မနဲ့ မာယာ၊ အဲဒါတွေ အားလုံးပျောက်ကွယ်သွားတယ်။ အဲဒီ ထွန်းလင်းတောက်ပတဲ့ သုညထဲမှာ ယောဂီဟာ လှည့်လည်သွားလာ ပြီး အဲဒီသုညထဲမှာပဲ မြုပ်နစ်သွားတယ်။ သူစတင်ဖြစ်ပေါ် ပေါက်ပွား လာရာဖြစ်တဲ့နေရာမှာ သူဟာ ခဏတာ အနည်းငယ်မျှ မြုပ်နစ်သွားတယ်။ အဲဒီဗြဟ္မနဲ့ယှဉ်တဲ့ သုညထဲမှာ ထာဝစဉ် မြုပ်နစ်သွားခြင်းကိုပဲ လွတ်ငြိမ်း မှု (မုတ္တိ) လို့ ခေါ်တယ်။ အဲဒီနည်းနဲ့ ယောဂီဟာ ဒီလက်ရှိ ကိုယ်ခန္ဓာ ထင်ရှားရှိလျက်နဲ့ လွတ်ငြိမ်းမှု (မုတ္တိ) ကို ထိတွေ့ခံစားနိုင်တယ်"

ဆရာ၏ အပေါ်၌ ထားသော မခုပါလ၏ ကြည်ညိုလေးစားမှု သည် တိုးပွား ခိုင်မာလာသည်။ ပီတိသောမနဿ အပြည့်နှင့် သူသည် ဆရာ၏ ခြေအစုံကို ဦးတိုက်လိုက်လေ၏။ သူသည် သူ့ဆရာ၏ ကြီးမား ပြန့်ကျယ်သည့် ဉာဏ်ပညာအတွက် ဂုဏ်ယူသည်။ သူ့ဆရာ၏ ခိုင်မြဲ သော သမာဓိကို ယုံကြည်စိတ်ချသည်။ ထိုအချိန်၌ ရသေ့ကြီး ရတနမ္ဗရ သည် ဝိသာလဒေဝကို ခေါ်ခဲ့ပြီးလျှင် ကုမာရဂိရိ၏ သခ်မ်းကျောင်း အတွင်းသို့ ဝင်ရောက်လာလေ၏။

mgyoe.com

mgyoe.com


ရသေ့ကြီး ရတနမ္ဗရ ကြွရောက်လာသည်ကို တွေ့ရသည့်အခါ ကုမာရဂိရိသည် နေရာမှ ထလိုက်လေ၏။ သူတို့ နှစ်ဦးသည် လည်ချင်းယှဉ်ဖက်လျက် နှုတ်ဆက်လိုက်ကြသည်။ ထို့နောက် ရတနမ္ဗရကို နေရာထိုင်ခင်းပေးလျက် ကုမာရဂိရိက မေးလိုက်လေ၏။ "ဘယ်လိုကိစ္စရှိလို့ ကြွရောက်လာပါသလဲ ဆရာအရှင်"

တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ရတနမ္ဗရက ပြန်ဖြေ၏။ "ထက်မြက်တဲ့ တန်ခိုးစွမ်းရည်ရှိတဲ့ ယောဂီ ကုမာရဂိရိ ဆီက ပညာရင်နို့ သောက်စို့ဖို့ရန်အတွက် ... ဟောဒီ ငါ့တပည့်ကို လာရောက်အပ်နှံရခြင်း ဖြစ်တယ်"

ကုမာရဂိရိက ပြောလေ၏။ "ဆရာအရှင်က ဒီက သေးသိမ်တဲ့ တပည့် ကုမာရဂိရိကို ကြီးကျယ်မြင့်မြတ်တဲ့နေရာ ပေးနေပါကလား။ ဆရာအရှင် ပေးအပ်တဲ့နေရာနဲ့ တပည့်လားလားမှ ထိုက်တန်တဲ့လူ မဟုတ်ပါ"

"မဟုတ်ဘူး ယောဂီ ကုမာရဂိရိ၊ သင် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမနေပါနဲ့။ သင်ဟာ တကယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သင်ဟာ ကမ္ဘာလောကထက် အလွန့်အလွန် မြင့်မားတဲ့နေရာ ရောက်ရှိနေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ငါကတော့ အခုထက်ထိ ကမ္ဘာလောကထဲမှာပဲ ရှိသေးတယ်။ ပြဿနာတစ်ခုခုကို တက္ကဗေဒ သဘောတစ်ခုတည်းနဲ့ ဖြေရှင်းလို့ မရတဲ့ နေရာမျိုးမှာ အတွေ့အကြုံနဲ့ အကြံအစည်များဟာ လိုအပ်တဲ့ အရာများ ဖြစ်ကြတယ်။ သင့်မှာ ဉာဏ်ရှိတယ်၊ အကြံရှိတယ်။ ငါ့မှာတော့ အတွေ့အကြုံပဲ ရှိတယ်။ ဒါကြောင့်မို့ သင့်ထံလာရခြင်း ဖြစ်တယ်။ သင်နဲ့ အတူတကွ နေခြင်းအားဖြင့် လူ့ဘဝရဲ့ သပွတ်အူလို ရှုပ်ထွေးနေတဲ့ပြဿနာများကို အောင်မြင် ထမြောက်စွာ ဖြေရှင်းနိုင်စရာ အကြောင်း ရှိတယ်။ ဒါကြောင့် ငါ ဝိသာလဒေဝကို သင့်ထံ အပ်နှံဖို့

mgyoe.com

mgyoe.com


ရည်ရွယ်ရခြင်းဖြစ်တယ်။ ယောဂီ ကုမာရဂိရိ ... သင် ငါ့ တောင်းပန်ချက်ကို မငြင်းပယ်ဘူး မဟုတ်လား"

ကုမာရဂိရိသည် ဝိသာလဒေဝဘက်သို့ လှမ်းကြည့်လိုက်၏။ "လုလင် ... ဘဝရဲ့ ဘယ်လိုပြဿနာများကို ဖြေရှင်းဖို့အတွက် ငါ့ထံ ရောက်လာရသလဲ"

ဝိသာလဒေဝသည် ကုမာရဂိရိကို ဦးညွှတ်ပြီးလျှင် အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။ "အရှင် ... မကောင်းမှုဆိုတာ ဘယ်လိုဟာလဲလို့ ကျွန်ုပ် သိချင်ပါတယ်"

ကုမာရဂိရိက ရယ်လိုက်သည်။ သူ၏ ရယ်သံ၌ ချိုသာငြိမ့်ညောင်းမှု ရှိလေသည်။ သူက ပြောပြန်သည်။ "မကောင်းမှုဆိုတာ ဘယ်လိုဟာလဲလို့ မင်း သိချင်တယ် ဟုတ်လား။ မကောင်းမှုရဲ့ အဓိပ္ပာယ်ကိုများသောအားဖြင့် အတွေ့အကြုံအရသာ သိရှိနားလည်နိုင်တယ်။ ငါနဲ့ အတူနေပြီး မင်း မကောင်းမှုကို တွေ့ကြုံသိရှိဖို့ မလွယ်ဘူး။ ငါရဲ့ နယ်ပယ်က ချုပ်တည်းခြင်းနဲ့ စောင့်စည်းခြင်း။ မကောင်းမှုဆိုတာက အဲဒီချုပ်တည်းခြင်း၊ စောင့်စည်းခြင်းနဲ့ ခရီး အင်မတန်ဝေးတယ်။ ဒါပေမဲ့ မင်းကို တပည့်အဖြစ်နဲ့ လက်ခံရမယ်လို့ ဆရာအရှင်က တိုက်တွန်း တောင်းပန်ထားတယ်။ တပည့်အဖြစ်နဲ့ လက်မခံခင် မင်းနဲ့ ဆရာအရှင်ကို အတိအလင်း ဝန်ခံဖို့ လိုလိမ့်မယ် ထင်တယ်။ ငါ မင်းကို ကောင်းမှုရဲ့ အသွင်အပြင်ကို ပြမယ်။ ကောင်းမှုကို သိရှိနားလည်ရင် မင်း မကောင်းမှု ဆိုတာ ဘယ်ဟာလဲလို့ သဘောပေါက်နိုင်ကောင်းစရာ ရှိပါတယ်"

ကုမာရဂိရိ၏ စကားကို ကြားရသည့်အခါ ရတနမ္ဗရသည် စိတ်ထဲက ပြုံးမိလေ၏။ ထို့နောက် ပြောလိုက်လေသည်။ "ယောဂီ ကုမာရဂိရိ ... သင် ပြောတာ သင့်လျော် လျောက်ပတ်ပါတယ်။ ဉာဏ်အမြော်

mgyoe.com

mgyoe.com


အမြင်နဲ့ ပြည့်စုံတဲ့ ဘယ် ပုဂ္ဂိုလ်မဆို သင် ပြောတဲ့အချက်ကို ကန့်ကွက်ငြင်းဆိုစရာ မရှိပါဘူး"

"ဒါဖြင့် ဆရာအရှင်ရဲ့ တောင်းပန် တိုက်တွန်းချက်ကို လက်ခံတယ်ပေါ့"

ရတနမ္မရသည် မတ်တတ်ရပ်လိုက်သည်။ "ကဲ ဒါဖြင့် ကုမာရဂိရိ ... ငါ့ကို သွားခွင့်ပြုပါတော့။ သင် အံ့သြကောင်း အံ့သြနေလိမ့်မယ်။ ဒါပေမဲ့ မကောင်းမှုဆိုတာ ဘာလဲလို့ ငါကိုယ်တိုင် မသိတာ အမှန်ပဲ။ နှစ်ပရိစ္ဆေဒပေါင်းများစွာ စာပေသင်ကြားလာခဲ့ပေမဲ့၊ အတွေ့အကြုံရှိလာခဲ့ပေမဲ့ ကျပ်ပြည့်တင်းပြည့်ဖြစ်တဲ့ အသိပညာကိုတော့ ထောက်ကြည့်လို့ရနိုင်ဖို့ မလွယ်ဘူး။ ငါ့တပည့်များကို ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေဆီမှာ အပ်နှံပြီးပြီ။ ငါ အခု တရားဘာဝနာကို ကျင့်ကြံအားထုတ်နိုင်သလောက် ကျင့်ကြံအားထုတ်ကြည့်ဦးမယ်။ အတွေ့အကြုံအားဖြင့်ဖြစ်စေ၊ လက်တွေ့အားဖြင့်ဖြစ်စေ မသိနားမလည်နိုင်တဲ့ အရာဝတ္ထုကို တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းအားဖြင့် သိနိုင်မလား မသိဘူး။ ကြည့်ရဦးမယ်"

ယင်းသို့ ပြောပြီးလျှင် ရတနမ္မရသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။

ရတနမ္မရ ထွက်ခွာသွားပြီးသောအခါ ကုမာရဂိရိသည် ဝိသာလဒေဝ ကို ထိုင်ရန် ညွှန်ကြား ပြောပြလိုက်လေ၏။

"လုလင် ... မင်း ငါ့တပည့်ဖြစ်သွားပြီ။ ငါ အခု မင်းဆီက ပြဿနာအချို့ရဲ့ အဖြေကို လိုချင်တယ်။ အာသာ ဆိုတာ ... ဘာလဲ သိရဲ့လား"

ဝိသာလဒေဝက ပြန်ဖြေ၏။ "အရှင်၊ အာသာဆိုတာ အလိုဆန္ဒရဲ့ ဒုတိယအမည်နာမ ဖြစ်ပါတယ်"

"မှန်တယ်၊ အင်း ပြီးတော့ လူ့ဘဝမှာ အာသာဟာ ဘယ်လို

mgyoe.com

mgyoe.com


အခန်းက ပါဝင်တယ် ဆိုတာကိုကော မင်း သိသလား” ကုမာရဂိရိက မေးလိုက်ပြန်၏။ “သိမှာမဟုတ်ဘူး ထင်တယ်။ ဒီကနေ့ ငါ မင်းကို အဲဒီသဘောကို ပြောပြမယ်။ အာသာဆိုတာ မကောင်းမှုဖြစ်တယ်။ ဘဝကို ညစ်နွမ်းအောင်၊ အစွန်းထင်အောင် လုပ်ဖို့ရန်အတွက် တစ်ခုတည်းသော ကိရိယာတန်ဆာပလာ ဖြစ်တယ်။ အာသာရမ္မက်က စေ့ဆော်တဲ့အတွက် လူဟာ ဘုရားသခင်ရဲ့ ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်တယ်။ အဲဒီ အာသာရမ္မက်ထဲမှာ မြုပ်နစ်ပြီးတော့ လူဟာ မိမိကိုယ်နဲ့ မိမိကိုယ်ကို ဖန်ဆင်းတဲ့ ဗြဟ္မကို မေ့လျော့သွားတယ်။ ဒါကြောင့် အာသာဟာ စွန့်ပယ်ထိုက်တဲ့အရာ ဖြစ်တယ်။ တကယ်လို့ လူဟာ မိမိရဲ့ အလိုဆန္ဒကို စွန့်လွှတ် ပယ်ဖြတ်နိုင်တယ်ဆိုရင် အင်မတန် မြင့်မြတ်တဲ့ နေရာကို တက်လှမ်းနိုင်တယ်။ ဘုရားသခင်ရဲ့ ဂုဏ်အင်္ဂါသုံးရပ် ရှိတယ်။ မှန်ကန်ခြင်း၊ သိမြင်ခြင်း၊ ရွှင်လန်းခြင်းတဲ့။ အဲဒီ ဂုဏ်အင်္ဂါ သုံးရပ်ကို အာသာ ကင်းကွာပြီး စင်ကြယ် သန့်ရှင်းတဲ့ စိတ်နှလုံးရှိသူမှ ရနိုင်တယ်။ အာသာ ကပ်ငြိနေလျှင်တော့ ငါစွဲ၊ သက္ကာယစွဲက အလေးသာနေတတ်တယ်။ ငါစွဲ၊ သက္ကာယစွဲ တည်းဟူသော မှောက်မှားစေတတ်တဲ့ အဖုံးအလွှမ်း ရှိနေလျှင်တော့ အဲဒီ ဂုဏ်အင်္ဂါ သုံးမျိုးထဲက တစ်မျိုးကိုမှ ရဖို့ မလွယ်ဘူး။ ဝိသာလဒေဝ၊ ငါ့တပည့်အနေနဲ့ မင်း ပထမဦးဆုံး လုပ်ကိုင်ဆောင်ရွက်ရမဲ့ လုပ်ငန်းကတော့ အာသာဆန္ဒကို စွန့်ပယ်ဖြတ်တောက်ပြီး ကိုယ့်စိတ်နှလုံးကို စင်ကြယ် သန့်ရှင်းအောင် လုပ်ရလိမ့်မယ်။ အဲဒီအလုပ်ဟာ တရားအကျင့်ကို ကျင့်ကြံအားထုတ်ခြင်းတစ်မျိုး ဖြစ်တယ်။ ဒါပေမဲ့ အဲဒီတရားအကျင့်မှာ ဆင်းရဲဒုက္ခမရှိဘူး။ အလိုဆန္ဒကို ဖိနှိပ်ချိုးနှိမ်တာဟာ သင့်လျော်ကောင်းမြတ်တဲ့ နည်းလမ်း မဟုတ်ဘူး။ အလိုဆန္ဒကို ဖြစ်ပေါ်လာခွင့်ကို မပေးရဘူး။ တစ်ကြိမ် တစ်ခါလောက် အလိုဆန္ဒဖြစ်ပေါ်လာမိလို့ရှိရင် အဲဒီအလိုဆန္ဒဟာ

mgyoe.com

mgyoe.com


ကြီးထွားလာဖို့ပဲ ရှိတော့တယ်။ ဒါကြောင့်မို့ မင်းရဲ့ တာဝန်ဝတ္တရားက အလိုဆန္ဒများကို တစ်ခါတည်း အပြီးအပိုင် သတ်ဖြတ်ပစ်လိုက်ဖို့ရန် ဖြစ်တယ်။ ဘယ့်နှယ့်လဲ၊ စွမ်းနိုင်ပါ့မလား"

ဝိသာလဒေဝက ဖြေသည်။ "အရှင်၊ ကျွန်ုပ် ကြိုးစားပါ့မယ်။ ဒါပေမဲ့ စွမ်းနိုင်မယ် မစွမ်းနိုင်ဘူး ဆိုတာကိုတော့ ကျွန်ုပ် မပြောတတ်သေးပါ။ အရှင် ပြောပြတဲ့ လမ်းကြောင်းဟာ လွယ်ပါတယ်။ ဒါပေမဲ့ အဲဒီ လမ်းကြောင်းမှာ အနှောင့်အယှက်ရှိသလောက်တော့ မုချရှိလိမ့်မယ်။ အာသာဆန္ဒကို သတ်ဖြတ် ပစ်ခြင်းဟာ ဘဝရဲ့ သဘောတရားများနဲ့ ပဋိပက္ခ ဖြစ်မနေဘူးလား။ လူရယ်လို့ မွေးဖွားပေါ်ပေါက်လာရခြင်းဟာ ဘာကြောင့်လဲ။ အလုပ်ကိစ္စ လုပ်ကိုင်ဆောင်ရွက်ဖို့ရန်အတွက် ဖြစ်တယ်။ အဲဒီအချိန်ကာလ အတောအတွင်းမှာ အလုပ်ကိစ္စကို လုပ်ကိုင်ဆောင်ရွက်ဖို့ရန်အတွက် ဖြစ်တဲ့ ကိရိယာတန်ဆာပလာများကို ဖျက်ဆီးပစ်ခြင်းဟာ ဘုရားသခင်ရဲ့ ဥပဒေစည်းကမ်းများနဲ့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား။ အရှင် ... အခုပြောတဲ့ အချက်နဲ့ ပတ်သက်ပြီး ကျွန်ုပ်ရဲ့အစွဲကို အရှင် ချွတ်ပစ်နိုင်တဲ့ ခဏမှာ ကျွန်ုပ် အရှင် ညွှန်ပြတဲ့လမ်းကြောင်းမှာ လျှောက်သွားပါ့မယ်"

ကုမာရဂိရိ ကိုယ်တိုင်က ဝိသာလဒေဝ ဆီက ယင်းကဲ့သို့သော အဖြေမျိုး ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားဟန် တူသည်။ သူက ပြောပြသည်။ "မင်းပြောတာ မမှားပါဘူး ဝိသာလဒေဝ။ ဘာကြောင့်လဲ ဆိုရင် ... မင်းအပေါ်မှာ ဆရာတစ်ဦးရဲ့ ဩဇာလွှမ်းမိုးနေတယ်။ အဲဒီ ဩဇာကို တခြား ဖယ်ရှားပြီး မင်းအပေါ်မှာ ငါ့ဩဇာလွှမ်းမိုးလာအောင် လုပ်ရလိမ့်မယ်။ ငါ မင်းအစွဲကို ချွတ်ပေးမယ်။ မင်းအမှားကို ဖယ်ရှားပေးမယ်။ ဒါပေမဲ့ ဒီကနေ့တော့ မဟုတ်ဘူး။ အမှားသက်ဝင် ယုံကြည်နေတဲ့ ဆရာရဲ့တပည့်က ... အယူ မှားနေတယ်ဆိုတာ မဆန်းပါဘူး။

mgyoe.com

mgyoe.com


သဘာဝကျပါတယ်။ ဝိသာလဒေဝ၊ ရတနမ္ဗရ ဆရာအရှင်ရဲ့ အတွေး အခေါ် အယူအဆတွေဟာ ဘယ်အထိ ဘုရားမဲ့ တရားမဲ့ ဝါဒဘက် ယိမ်းယိုင်နေတယ်ဆိုတာကို ငါသိတယ်။ ငါက ဘုရားနဲ့ တရားနဲ့ နေတဲ့လူ ဖြစ်တယ်။ မင်း ငါ့ဆီက တစ်စုံတစ်ခု မသင်ကြား မနာယူခင် မင်း အချက်နှစ်ချက်ကို လက်ခံယုံကြည်ဖို့ လိုလိမ့်မယ်။ ပထမအချက်က ဗြဟ္မ၊ နောက်တစ်ချက်က တာဝန်ဝတ္တရားဟာ ဘဝရဲ့အဓိက အင်္ဂါရပ်ဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်တယ်"

ဝိသာလဒေဝက ပြန်ဖြေလေ၏။ "အရှင် ... ကျွန်ုပ် အဲဒီအချက်နှစ်ချက်ကို လက်ခံယုံကြည်ပါတယ်"

ကုမာရဂိရိသည် မတ်တတ်ရပ်လိုက်လေ၏။ "ဒီလိုဆိုရင် ငါစိတ်အေးသွားပြီ။ ငါ မင်းကို တရားပြမယ်။ လွတ်ငြိမ်းမှု (မုတ္တိ) လမ်းကြောင်းကို ညွှန်ပြပြီး မကောင်းမှုဆိုတာ ဘာလဲလို့ ငါ မင်းကို သိအောင်ပြမယ်"

■

mgyoe.com

mgyoe.com

# အခန်း သုံး

သေတံကသည် ဗြဟ္မစာရီ ဖြစ်၏။ သူ၏ နယ်ပယ်မှာ အတွေ့အကြုံ ကင်းမဲ့သည့် ကျမ်းဂန် သင်ကြားဆည်းပူးခြင်းဖြစ်လျက် သူ၏ ရည်မှန်း ချက်မှာ အသိဉာဏ်ပညာရရှိရေး ဖြစ်သည်။ သူ၏အရွယ်မှာ ထိုအချိန် ၌ အစိတ်နီးပါးမျှ ရှိနေပြီ။ ထိုမျှသော ကာလအတွင်း၌ သူသည် အဘိဓမ္မာ ကျမ်းဂန်များနှင့် ဓမ္မကျမ်းဂန်များကို သင်ကြား တတ်မြောက်ပြီးလေပြီ။ ဗျာကရဏ်း ကျမ်းဂန်များနှင့် စာပေ ကျမ်းဂန်များကိုလည်း လေ့လာပြီး လေပြီ။ ကဗျာလင်္ကာများ၌ ပါရှိသည့် အသက်ဝင်လျက်ရှိသော အချစ် အကြောင်းများကို သူသည် ဂရုစိုက်၍ ဖတ်သည်။ သဘောပေါက်အောင် လည်း ကြိုးစားကြည့်သည်။ သို့ရာတွင် သဘော မပေါက်ခဲ့၊ နားမလည်ခဲ့။ မိန်းမဆိုသည်ကို သူ မသိပေ။ ပျိုရွယ်မှု၏ တက်ကြွယစ်မူးခြင်းကို သူ နားမလည်ပေ။

ဗိဇဂုတ္တ၏ စံအိမ်၌ ဗြဟ္မစာရီ သေတံကနှင့် ကချေသည် စိတ္တရ လေခါတို့ တွေ့ကြုံဆုံစည်းကြသည်။ သေတံကနှင့် စိတ္တရလေခါကို မိတ်ဆက်ပေးသည့်ခဏ၌ ဗိဇဂုတ္တသည် ရယ်ရုံသာ ရယ်လိုက်မိသည်။ သို့ရာတွင် စေ့စေ့တွေးကြည့်လိုက်သည့်အခါ သူသည် တအံ့တသြ

mgyoe.com

mgyoe.com


ဖြစ်သွားမိလေသည်။ ဗြဟ္မစာရီနှင့် ကချေသည်။ ဗိဇဂုတ္တသည် သူတို့နှစ်ဦး၏ ဆုံစည်းမှုကို မရယ် မပြုံးဘဲ မနေနိုင်ခဲ့ပေ။

သို့ရာတွင် ဗိဇဂုတ္တ၏အရယ်အပြုံးသည် သေတံက၏ဘဝ၌ လှိုင်းဂယက်ထခြင်းတစ်မျိုး ဖြစ်နေ၏။ ညချမ်းချိန်ခါ၌ အမြဲတစေလိုပင် သေတံကသည် စိတ္တရလေခါအား သူ့အိမ်သို့ လိုက်ပို့ရလေသည်။ ထိုချိန်ခါမျိုး၌ စိတ္တရလေခါသည် သေရည်မူးယစ်နေတတ်သည်။ စိတ္တရလေခါ၏ မျက်လုံးပေါ်၌ ပေါ်နေသော ယစ်မူးခြင်းသည် သေတံက၏နှလုံး၌ လှုပ်ရှားမှုတစ်မျိုးကို ဖြစ်ပေါ်စေခဲ့သည်။ မိန်းမနှင့် သေရည်၊ ဆီပြည့်လျှံလျက်ရှိသော ဆီမီး၏ တောက်ပဝင်းလက်နေသော အလင်းရောင် ဖြစ်သည်။ ယင်း၏ပတ်ပတ်လည်၌ သေတံကသည် ပိုးဖလံတစ်ကောင်ကဲ့သို့ လှည့်ပတ်နေသည်။ စိတ္တရလေခါကို မြင်လိုက်ရသည့်အခါတိုင်း သေတံက၏စိတ်နှလုံး၌ ထူးခြားဆန်းကြယ်သည့် ချမ်းမြေ့ရွှင်လန်းမှုတစ်မျိုး ပေါ်ပေါက်လာသည်။ ယင်း ချမ်းမြေ့ရွှင်လန်းမှုသည် မည်သည့်အရာနည်း။ ပြောပြ၍ မဖြစ်သည့် အာသာဆန္ဒ၏ လှုပ်ရှားခြင်း ဖြစ်လေသည်။ စိတ္တရလေခါ၏ ယစ်မူးနေသော မပွင့်တပွင့် မျက်လုံးနှင့် သေတံက၏မျက်လုံးတို့ ဆုံမိသည့်အခါ သေတံကသည် အရူးအသွင်ကဲ့သို့ ယိုင်တိယိုင်ထိုးဖြစ်သွားတတ်လေသည်။

ဗိဇဂုတ္တ၏စံအိမ်၌ သေတံကကို ဗိဇဂုတ္တ၏ညီငယ်အသွင်ကဲ့သို့ ပြုမူဆက်ဆံကြသည်။ ဗိဇဂုတ္တ၏အလုပ်အကျွေးတို့သည် သေတံကကို သူတို့နှင့် တန်းတူရည်တူ သဘောမထားကြပေ။ ဗိဇဂုတ္တကဲ့သို့ပင် သေတံကအားလည်း မိမိတို့၏သခင်ဟုပင် အမှတ်ထားကြသည်။ လောကီစည်းစိမ် ခံစားစံစားစရ ဟူသမျှ သေတံက၏မျက်မှောက်၌ ဘာတစ်ခုမျှ လိုလေသေးမရှိပေ။ မြို့ပေါ်ရှိ ဩဇာတိက္ကမရှိသူ မြို့မိမြို့ဖများနှင့် သေတံကသည် အသိအကျွမ်းဖြစ်သွားခဲ့လေပြီ။ မည်းမှောင်

mgyoe.com

mgyoe.com


နက်ရှိုင်းသော အမိုက်တိုက်တစ်ခုထဲမှ ထွက်လာခဲ့ပြီးလျှင် သေတံက သည် ဝင်းလက်တောက်ပသော လောကတစ်ခုထဲသို့ ရောက်လာခဲ့လေသည်။ သို့ဖြစ်၍ မိမိ၏အခြေအနေကို မိမိကိုယ်တိုင်ကပင် မယုံကြည်နိုင်အောင် ဖြစ်နေ၏။ သို့ရာတွင် တဖြည်းဖြည်း တစ်စတစ်စနှင့် သူသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်လာခဲ့လေ၏။ မိမိသည် ကမ္ဘာလောကထဲမှာပင် ရှိနေသည်ဟူ၍လည်းကောင်း၊ မကောင်းမှုနှင့် ကောင်းမှုအကြားတွင် ရှိနေသည်ဟူ၍လည်းကောင်း၊ မိမိ၏လေးဖက်လေးရပ်၌ အာသာရမ္မက်များ ပေါင်းဆုံစုဝေးနေသည်ဟူ၍လည်းကောင်း သေတံကသည် သဘောပေါက်လာခဲ့သည်။ သူသည် ကမ္ဘာလောက၏လှိုင်းတံပိုးထဲမှာ မျောပါနေသည်ဟူသော အသိလည်း ပေါ်ပေါက်လာခဲ့လေသည်။

တစ်နေ့သ၌ ဗိဇဂုတ္တသည် အလုပ်ကိစ္စတစ်ခုနှင့် အပြင်သို့ ထွက်သွားလေ၏။ အလုပ်ကိစ္စမှာ ရှောင်တခင် အရေးတကြီး ဖြစ်ပေါ်လာခြင်းဖြစ်၍ ညနေဆည်းဆာတွင် အိမ်သို့ ပြန်မလာနိုင်ခဲ့ပေ။ အချိန်တိုင်သည့်အခါ စိတ္တရလေခါ၏ ယာဉ်ရထားသည် ဗိဇဂုတ္တ၏ အိမ်တံခါးဝသို့ ရောက်လာလေသည်။ သေတံကသည် စိတ္တရလေခါအား သခင် မရှိခိုက် အိမ်၌ ကြိုဆိုဧည့်ခံလေ၏။ နှစ်ဦးလုံးသည် ဗိဇဂုတ္တ၏ခန်းဆောင်ထဲသို့ သွားကြလေသည်။ ဗိဇဂုတ္တကို မမြင်ရ၍ စိတ္တရလေခါက မေးလိုက်သည်။ "ရှင့်သခင် ဘယ်သွားသလဲ"

"ရှင့်သခင် ဘယ်သွားသလဲ" ဗြဟ္မစာရီသည် ကချေသည်၏ နှုတ်မှ ယင်းအမေးကို ကြားလိုက်ရသဖြင့် စိတ်ထိခိုက်သွားလေ၏။ ယင်းစကားဝါကျသည် မြားကဲ့သို့ ချွန်ထက်လှလေသည်။ အကယ်၍သာ ယင်းစကားဝါကျသည် အခြားသာမန် မိန်းမတစ်ဦးဦး၏ နှုတ်မှ ထွက်ပေါ်လာခြင်းဖြစ်ဘိမူ သေတံကသည် ပက်ပက်စက်စက် ပြန်လှန်

mgyoe.com

mgyoe.com


ပြောလိုက်မည် ဖြစ်ပေသည်။ သို့မဟုတ်ကလည်း စိုးစဉ်းမျှ ဂရုစိုက်လိမ့်မည် မဟုတ်ပေ။ သေတံကသည် ပထမဆုံးအကြိမ် မိမိ၏အခြေအနေနှင့် မိမိ၏သေးသိမ်နိမ့်ကျမှုကို သတိပြုမိလေသည်။ နောင်တတစ်ဖန်လည်း ပူပန်မိလေသည်။ သို့ရာတွင် ထိုအတွေး၊ ထိုအသိကို မျိုသိပ်ပြီးလျှင် သူသည် ပြန်ဖြေလိုက်လေ၏။

"ကိစ္စတစ်ခုနဲ့ သူအပြင်ကို ထွက်သွားပါတယ်၊ သခင်မ"

စိတ္တရလေခါက မေးမြန်း၏။

"သူ ဘယ်တော့ပြန်လာမလဲ"

"အခုပဲ ပြန်လာပါလိမ့်မယ်"

"သေတံက၊ ကျွန်မ ရေငတ်လိုက်တာ"

သေတံကသည် ထိုင်ရာမှ ထလိုက်သည်။ သူသည် မိမိ၏အခြေအနေကို တွေးတော စဉ်းစားမိပြီးလေပြီ။ ထို့ပြင် ဗီဇဂုတ္တ ပြောခဲ့ဖူးသည့် "စိတ္တရလေခါဟာ မင့် သခင်မ ဖြစ်တယ်" ဟူသည့် စကားကိုလည်း သတိရလာလေသည်။ သူကိုယ်တိုင် ရွှေခွက်ဖြင့် သောက်ရေကို ခပ်ယူလာခဲ့လေ၏။

စိတ္တရလေခါသည် ရေကို ကြည့်လျက် ပြုံးလိုက်သည်။

"သေတံက ... ရှင်ဟာ တကယ်ကို ကလေးရှိသေးတာပဲနော်"

သေတံကသည် စိတ္တရလေခါ သရော်သည်ကို နားမလည်ပေ။

"သခင်မ ... ကျွန်ုပ် ဘာများ အမှားလုပ်မိလို့လဲ"

ထိုအကြိမ်၌ စိတ္တရလေခါသည် ဟားတိုက် ရယ်လိုက်လေ၏။ "သေတံက ... ရှင် အခုထက်ထိ နားမလည်သေးဘူးလား။ မွတ်သိပ်ခြင်းဆိုတာ တင်းတိမ်ရောင့်ရဲရမယ့်အရာဝတ္ထု မဟုတ်ဘူး။ မီးအတွက် ရေမလိုဘူး။ မီးတောက်မီးလျှံ ပိုမိုအားကောင်းလာအောင် ဆီသာ လိုတယ်။ ဘဝဆိုတာ တစ်သမတ်တည်းသွားတဲ့ မွတ်သိပ်ခြင်းတစ်မျိုး ဖြစ်တယ်။

mgyoe.com

mgyoe.com


အဲဒီမှတ်သိပ်ခြင်းကို တင်းတိမ်ရောင့်ရဲသွားအောင် လုပ်လိုက်ခြင်းဟာ ဘဝကို ကိစ္စတုံးပစ်လိုက်တာနဲ့ အတူတူပဲ။ ကျွန်မ ရေကို အလိုမရှိဘူး။ ကျွန်မ အလိုရှိတာက သေရည် ...”

သေတံကသည် စိတ္တရလေခါ၏စကားကို ကြားလိုက်ရသည့်အခါ အံ့အားသင့်သွားလေ၏။ သူ့စကားမှာ ကြောက်ရွံ့ထိတ်လန့်စရာကောင်းလှ၏။ သို့ရာတွင် ယုတ္တိ တကယ်ရှိသည့်စကား ဖြစ်နေသည်။ သေတံကလည်း ရယ်မောလိုက်လေသည်။ “အင်း ... ကျွန်ုပ်ဟာ ပါဋ္ဌလိပုတ်နေပြည်တော်က အလှဆုံး မိန်းမပျိုရဲ့ တပည့် လုပ်ရလိမ့်မယ် ထင်တယ်၊ သခင်မ” ယင်းသို့ ပြောလျက် သူသည် စိတ္တရလေခါ၏ရှေ့မှောက်သို့ သေရည်ခွက်ကို ထိုးပေးလိုက်လေသည်။

တစ်ကျိုက် သောက်ချလိုက်ပြီးနောက် စိတ္တရလေခါသည် သေရည်ခွက်ကို သေတံက၏ရှေ့၌ ချလိုက်သည်။ ထိုခဏ၌ သူသည် မှီလျက်ထိုင်နေလေ၏။ သူ၏ ဦးခေါင်းပေါ်မှ အဝတ်သည် လျှောကျနေသည်။ သူ၏ဦးခေါင်းမှ ဆံပင်များသည် အမိုက်တိုက်ကဲ့သို့ မည်းမှောင် နက်ချိပ်နေသည်။ ထိုဆံပင်များ၌ ရစ်ပတ်စည်းနှောင်ထားသည့် ပုလဲကုံးမှာ အလင်းရောင်ကဲ့သို့ တောက်ပြောင်ပြိုးပြက်၍နေသည်။ သူ၏ ရုပ်ပုံသွင်ပြင်သည် မည်မျှလောက် လှပတင့်တယ်၍နေဘိသနည်း။ သေတံကသည် ယင်းကဲ့သို့သော ပြိုင်ဘက်ကင်းသည့် အလှကညာမျိုးကို စိတ်ကူးထဲမှာသော်မှ မတွေးမိခဲ့ဘူးပေ။ စိတ္တရလေခါ၏အပျိုရွယ်သည် တက်ကြွယစ်မူးခြင်း၏ရုပ်လုံးဖြစ်သည်။ သူ၏အရဏ်ရောင်ပါးပြင်ပေါ်၌ ကြက်သွေးရောင်ထနေသည်။ သူ၏နှုတ်ခမ်းသည် အပြုံးပွင့်ချပ်ပွင့်လျှာဖြင့် စိုစွတ်၍နေသည်။ သူ၏မျက်လုံးများသည် ပြုံးရယ်၍ နေကြသည်။

သေတံကသည် မမှိတ်မသုန် စိတ္တရလေခါ၏အလှကို စူးစိုက်ကြည့်ရှုနေသည်။ စိတ္တရလေခါက မေးလိုက်လေ၏။ “သေတံက...

mgyoe.com

mgyoe.com


ရှင် သေရည်ကို မသောက်ဘူး ဟုတ်လား။ ကျွန်မ ရှင့်ရှေ့ သေရည်ခွက် ထိုးပေးတယ်။ ဒါတောင်မှ ရှင့်လက်က သေရည်ခွက်ကို ပါးစပ်အထိ ယူသွားဖို့ မဝံ့ဘူး။ ကျွန်မ ရှင့်ကို မေးခွန်းတစ်ခု မေးမယ်။ မှန်မှန်ဖြေရ မယ်နော်၊ သိလား"

သေတံကသည် ဦးခေါင်းကို ညိတ်လိုက်လေ၏။

"ရှင်က ဗြဟ္မစာရီနော်။ ရှင့်ဆရာကြီးက ရှင့်ကို သေရည် မသောက်ဖို့ တားမြစ်ပိတ်ပင်ထားလိမ့်မယ်။ ဘာဖြစ်လို့ အဲဒီလို တားမြစ်ပိတ်ပင် ထားတယ်ဆိုတာ ကျွန်မ သိချင်တယ်"

သေတံက က တစ်လုံးချင်း ပြန်ဖြေလေ၏။ "သခင်မ ... ချုပ်တည်း မှုဆိုတာ ဘဝရဲ့လိုအပ်တဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်တယ်။ သေရည် နဲ့ ချုပ်တည်းမှုဟာ တစ်ခုနဲ့တစ်ခု ဖြောင့်ဖြောင့် ဆန့်ကျင်တဲ့အရာများ ဖြစ်ကြပါတယ်"

"အင်း ... ဒါဖြင့် ... ချုပ်တည်းမှုရဲ့ ရည်မှန်းချက်က ဘာလဲ"

"ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှု"

စိတ္တရလေခါသည် သေရည်ခွက်ကို နှုတ်ခမ်းတွင် တေ့လျက် မေးလိုက်ပြန်လေ၏။ "အင်း ... ပြီးတော့ ... ဘဝရဲ့ရည်မှန်းချက်ကရော ဘာလဲ"

စိတ္တရလေခါ၏မျက်လုံးများသည် သေရည်၏တန်ခိုးကြောင့် နီမြန်းလာလေပြီ။ သေတံကသည် စိတ္တရလေခါ၏အသံ၌ ဂီတတစ်မျိုး ကိုလည်းကောင်း၊ စိတ္တရလေခါ၏စကား၌ ကဗျာတစ်မျိုးကိုလည်း ကောင်း ကြားရသည်။ သူက ပြန်ဖြေလိုက်လေ၏။

"ဘဝရဲ့ရည်မှန်းချက် ဟုတ်လား ... ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှုပေါ့"

"ဒီနေရာမှာတော့ ရှင် မှားပြီ လုလင်" ... စိတ္တရလေခါသည် ကိုယ်ကို ပြင်ထိုင်လိုက်သည်။

mgyoe.com

mgyoe.com


"ချမ်းသာမှုဆိုတာက တင်းတိမ်ရောင့်ရဲခြင်း ဖြစ်တယ်။ ငြိမ်းချမ်းမှုဆိုတာက ရပ်တန့်ငြိမ်သက်နေခြင်း ဖြစ်တယ်။ ဘဝဆိုတာကတော့… ရပ်နားခြင်းမရှိတဲ့ တက်ကြွလှုပ်ရှားခြင်း ဖြစ်တယ်။ ပျောက်ပျက်ငြိမ်းအေးမသွားတဲ့ မွတ်သိပ်ဆာလောင်ခြင်း ဖြစ်တယ်။ ပြီးတော့ ဘဝဟာ ရွေ့လျားနေတဲ့အရာဖြစ်တယ်။ ပြောင်းလဲနေတဲ့အရာ ဖြစ်တယ်။ ရွေ့လျားခြင်းနဲ့ ပြောင်းလဲခြင်းမှာ ချမ်းသာမှုနဲ့ ငြိမ်းချမ်းမှုအတွက် နေရာမရှိဘူး" … ယင်းသို့ပြောပြီးလျှင် စိတ္တရလေခါသည် သေရည်ခွက်ကို သေတံကာ၏ပါးစပ်တွင် တေ့ပေးလိုက်လေ၏။

သေတံကာသည် သေရည်ခွက်ကို လက်ဖြင့် ဖယ်ပစ်လိုက်ဖို့ တစ်ကြိမ် စဉ်းစားကြည့်လိုက်သေးသည်။ သို့ရာတွင် စိတ္တရလေခါ၏ ပြုံးရယ်၍နေသော မျက်လုံးများ၌ ဆန်းကြယ်သော အညှို့ဓာတ်တစ်ခု ရှိသည်။ သေတံကာသည် စိတ္တရလေခါကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း … ကာယကံမြောက် မဟန့်တားနိုင်ခဲ့ပေ။ သေရည်သည် သူ၏လည်ချောင်းမှ အောက်ဘက်သို့ စီးကျသွားလေ၏။

ထိုအခိုက်တွင် ဗီဇဂုတ္တက နောက်ဘက်မှ တဟားဟားနှင့် ရယ်မောလျက် ပြောလိုက်လေသည်။

"ဗြဟ္မစာရီ၊ ဒီကနေ့ မင်းကို ကချေသည်က ဓာတ်သွင်းပေးလိုက်ပြီ။ အဲဒီအထိမ်းအမှတ်နဲ့ ကျုပ်က စိတ္တရလေခါကို ချီးကျူးထောမနာပြုလိုက်ပါတယ်"

သေတံကာသည် မိန်းမောနေရာမှ ရုတ်တရက် ကျိုးကန်းတောင်းမှောက်ဖြစ်သွားလေ၏။ ဗီဇဂုတ္တ ရယ်မောလိုက်ခြင်းကြောင့် သူ့အမှားကို သူသတိရသွားသည်။ သူသည် စိတ္တရလေခါကိုတစ်လှည့်၊ ဗီဇဂုတ္တကို တစ်လှည့်နှင့် ကြည့်နေသည်။ ထိုနောက် ဦးခေါင်းကို ငိုက်စိုက်ချလိုက်လေ၏။ ဗီဇဂုတ္တသည် ရယ်မောရင်း အဝတ်လဲရန် ထွက်သွား

mgyoe.com

mgyoe.com


လေ၏။ ဗိဇဂုတ္တ ထွက်သွားပြီးသည့်နောက် သေတံက က စိတ္တရလေခါ အား ပြောလိုက်သည်။ "သခင်မ ... ဒီကနေ့ သခင်မဟာ ကျွန်ုပ်ရဲ့ အကျင့်ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် လုပ်ပစ်လိုက်ပြီ။ သခင်မ ... အဲဒီလို ဘာဖြစ်လို့လုပ်ရတာလဲ။ ကျွန်ုပ်ရဲ့နှလုံးထဲမှာ မီးတောက်မီးလျှံတစ်ခု ထတောက်အောင် သခင်မ မွှေးလိုက်ပြီ။ ဘယ်အတွက်ကြောင့် အဲဒီလို လုပ်ရတာလဲ။ သခင်မ ... ကျွန်ုပ်ရဲ့ဘဝထဲကို သခင်မ မုန်တိုင်းအဖြစ်နဲ့ ဘာဖြစ်လို့ ရှောင်တခင်ရောက်လာရတာလဲ" ... ပြောပြောဆိုဆို သေတံကသည် စိတ္တရလေခါ၏လက်ကို အတင်းဖမ်းကိုင်လိုက်လေ၏။

စိတ္တရလေခါက အပြုံးမပျက် ပြန်လည်ဖြေကြားသည်။

"သေတံက ... ရှင် မှားပြီ။ အကျင့်လို့ ရှင်ခေါ်တဲ့အရာဟာ အမှန်က ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲခြင်းသာ ဖြစ်တယ်။ မူးယစ်ခြင်းဆိုတာ ဘဝရဲ့အဓိက အင်္ဂါရပ်ဖြစ်တယ်ဆိုတဲ့ အကြောင်းလောက်ကိုသာ ကျွန်မ ရှင့်ကို ပြလိုက်တာပါ။ ရှင့်နှလုံးထဲမှာ မီးတောက်မီးလျှံ တောက်လောင်နေတယ်ဆိုတာတော့ ကျွန်မ မပြောတတ်ဘူး။ ကျွန်မကတော့ ရှင့်ကို ဘဝရဲ့ စစ်မှန်တဲ့အနှစ်သာရကို ပြရုံပြလိုက်တာပဲ" ... စိတ္တရလေခါသည် ရုတ်တရက် တည်ကြည်လေးနက်သွား၏။ သေတံက၏လက်ကို ဖယ်ပစ်လိုက်လေ၏။ "သေတံက ... ရှင့်ဘဝထဲကို ကျွန်မ ရောက်လာတယ်ဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ကိုတော့ ရှင် သတိချပ်ပါ။ ဘာကြီးဖြစ်နေ ဖြစ်နေ ... ကျွန်မ ကိုယ့်စိတ်ကို ကိုယ်သိတယ်။ ကျွန်မ ရှင့်ဘဝထဲ ဝင်ရောက်လာနိုင်တယ်ဆိုတဲ့ အချက်ကိုတော့ စိတ်ကူးထဲတောင် ထည့်မကြည့်ပါနဲ့။ ရှင် အခု သွားနိုင်ပါပြီ"

သေတံက၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူသည် ကချေသည်တစ်ဦးအား အရှုံးပေးလိုက်ရလေပြီ။ အသိပညာ၊ တာဝန် ဝတ္တရား၊ ပုဂ္ဂိုလ်ရေး ... ယင်း သုံးမျိုးစလုံး၌ပင် အရှုံးပေးလိုက်

mgyoe.com

mgyoe.com


ရလေပြီ။ "ကောင်းပါပြီ၊ သခင်မ" ဤမျှသာ ပြောလျက် အစော်ကား ခံလိုက်ရသူ၊ အရှုံးပေးလိုက်ရသူ ဗြဟ္မစာရီသည် တံခါးပေါက်ဆီသို့ ထွက်သွားလေ၏။

စိတ္တရလေခါသည် အတန်ကြာမျှ စဉ်းစားဆင်ခြင်ပြီးနောက် တစ်စုံတစ်ခုကို သဘောပေါက်သွားလေ၏။ တံခါးပေါက်ရှိရာသို့ ထွက်သွားသော သေတံကအား လှမ်းခေါ်လိုက်သည်။ "ဒီမှာ သေတံက ... ခဏနေပါဦး။ ရှင့်ကို ပြောစရာ နည်းနည်းရှိသေးတယ် ... ဒီ လာပါဦး"

သေတံက တန့်ရပ်သွားသည်။ ပြန်၍မူ မလာ။ လှည့်၍သာလျှင် စကားပြန်ပြော၏။ "သခင်မ ... ဘာလဲ ... ကြိမ်းလို့မောင်းလို့ မကုန်သေးဘူးလား။ ကျွန်ုပ်ရဲ့ အားပျော့ချက်ကြောင့် ရရှိတဲ့ ဆုထူး လာဘ်ထူးဟာ မပြည့်စုံ မလုံလောက်သေးလို့လား။ သခင်မဟာ ကျွန်ုပ်ရဲ့ အရှင်သခင် ဖြစ်ပါတယ်။ ပြီးတော့ ကျွန်ုပ်ဘဝရဲ့ ... အို ယောင်လို့၊ မဟုတ်ပေါင် သည်းခံပါနော်။ သခင်မဟာ ကျွန်ုပ်ရဲ့အရှင်သခင်သာ ဖြစ်ပါတယ်။ သို့အတွက် သခင်မရဲ့အမိန့်ကို ကျွန်ုပ် ဦးထိပ်ရွက်ပါတယ်။ ဘာပြောစရာရှိသေးလဲ သခင်မ"... ထိုအချိန်၌ သေတံက၏ မျက်လုံးများ၌ မျက်ရည်ဥလာလေသည်။

စိတ္တရလေခါ၏ နှလုံးသည် သေတံက ... သူငယ် သေတံက ပြောလိုက်သည့် စကားများကြောင့် ထိခိုက်နာကျင်သွား၏။ "သေတံက၊ ကျွန်မ မှားသွားပါတယ်။ ကျွန်မ ရှင့်ကို မောက်မောက်မာမာ ပြုမူဆက်ဆံမိတဲ့အတွက် တောင်းပန်လိုစိတ်ပေါ်လာပါတယ်။ သေတံက ... ကျွန်မဟာ ရှင့်အပေါ်မှာ ခင်မင်တဲ့စိတ် ရှိပါတယ်။ ကျွန်မ ရှင့်ကို ကိုယ့်မောင်ဖွားလေးလိုပဲ အောက်မေ့တယ်။ ရှင် စိတ်မကောင်းဘူးဆိုရင် ... ကျွန်မလည်း စိတ်မကောင်းပါဘူး။ ကျွန်မ ရှင့်ကို အမှတ်တမဲ့ စော်ကားမော်ကား ပြုလုပ်လိုက်မိတယ်။ အဲဒီအတွက် ကျွန်မ ရှင့်ကို တောင်းပန်ပါတယ်"

mgyoe.com

mgyoe.com


စိတ္တရလေခါ တိုးလျှိုးတောင်းပန်လိုက်သောကြောင့် သေတံက၏ ဝမ်းနည်းခြင်း၊ စိတ်ဆင်းရဲခြင်းတို့သည် အဝေးသို့ လွင့်စဉ်ပျောက်ကွယ်သွားလေ၏။ သူ့နှလုံး၏အနာသည် ဆီးနှင်းကဲ့သို့ အရည်ပျော်သွားလေသည်။ သူသည် စိတ္တရလေခါ၌ နတ်ဒေဝီတစ်ဦး၏အသွင်ကို တွေ့ရသည်။ ထူးခြားသော အလင်းရောင်တစ်မျိုးကို မြင်ရသည်။ သူ၏အမြင်၌ စိတ္တရလေခါသည် ကချေသည် မဟုတ်တော့ချေ။ သူနှင့် စိတ္တရလေခါသည် ဘဝတစ်ပါးမှ အဆက်အသွယ်ရှိသလိုလို သူ အထင်ရှိနေသည်။ သူက ပြောလိုက်၏။ "သခင်မ ... တောင်းပန်နေစရာ မလို ပါဘူး။ အပြစ်က ကျွန်ုပ်အပြစ်ပါ။ အဲဒီအပြစ်ကြောင့် ကျွန်ုပ်ဟာ အပြစ်ဒဏ်ကို ခံထိုက်သူတစ်ဦး ဖြစ်နေပါတယ်။ ဒါပေမဲ့ သခင်မ ... သခင်မက ကျွန်ုပ်ကို အပြစ်ဒဏ်ပေးရမယ့်အစား စေတနာမေတ္တာထားနေတာကို တွေ့နေရပါတယ်။ သခင်မဟာ ကျွန်ုပ်ကို မြုပ်နှစ်မဲ့ဆဲဆဲက ကယ်တင်ပြီး ဘယ်လောက်ကျေးဇူးပြုတယ်ဆိုတာ ကျွန်ုပ် ပြောမပြတတ်အောင်ဘဲ ရှိနေပါတယ်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါနော် သခင်မ" ... ယင်းသို့ပြောလျက် သေတံကသည် ခန်းဆောင်၏အပြင်ဘက်သို့ ထွက်သွားလေ၏။ စိတ္တရလေခါကမူ ကျောက်ရုပ်အသွင်ကဲ့သို့ မတုန်မလှုပ် ကျန်ရစ်ခဲ့လေသည်။ လူမမည် သူငယ်တစ်ယောက်အား မိမိ ရှုပါရုံ၏သားကောင်အဖြစ် အမှတ်မထင်ပြုလုပ်လိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်နေမိလေ၏။

သေတံကသည် ဗီဇဂုတ္တ၏အထံသို့ တန်းသွားလေသည်။ ဗီဇဂုတ္တ၏အထံသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဗီဇဂုတ္တ၏ခြေပေါ် ပစ်လှဲလိုက်လေသည်။ ဤမျှသာ ပြောလိုက်လေသည်။ "သခင် ... ကျွန်ုပ်ကို အပြစ်ဒဏ်ပေးပါ"

ဗီဇဂုတ္တသည် သေတံက၏အပြုအမူကြောင့် အံ့အားသင့်သွား

mgyoe.com

mgyoe.com


လေ၏။ သူသည် သေတံကအား ထူမပြီး မေးလိုက်၏။ "သေတံက ... ဘာဖြစ်တာလဲ။ ဘယ်လို အကြောင်းကိစ္စပေါ်လို့လဲ"

သေတံကသည် မူမမှန်သော အသံဖြင့် ပြန်ပြောလေသည်။ "သခင်... ကျွန်ုပ်ဟာ သခင့်ကို သစ္စာဖောက်တဲ့အပြစ်ကို ကျူးလွန်မိခဲ့ပါတယ်။ သခင့်ကို ချစ်နေတဲ့၊ သခင်ကလည်း ချစ်နေတဲ့၊ ကျွန်ုပ်ရဲ့ သခင်မလည်းဖြစ်တဲ့ မိန်းမကို ချစ်မိတဲ့အပြစ်ကို ကျွန်ုပ် ကျူးလွန်ခဲ့မိပါတယ်"

ဗိဇဂုတ္တ တစ်ခုမကျန် နားလည်သွားလေပြီ။ စိတ်ထဲ ကျိတ်ရယ်လိုက်လေ၏။ "သေတံက ... အဲဒီမိန်းမကလည်း ငါ့ကို ချစ်နေတယ်လို့ မင်း ဘယ်လိုလုပ်သိသလဲ"

"သူကိုယ်တိုင်က ကျွန်ုပ်ကို ဖွင့်ပြောပြပါတယ်"

သေတံက၏အပေါ်တွင် သေရည်၏ အရှိန်အဝါရောက်ရှိလာလေပြီ။ သူသည် မိမိ၏ကိုယ်ကာယတွင် အားအင်တစ်မျိုး ပေါ်လာသည်ဟု အမှတ်ထားမိလေ၏။ "ဒီကနေ့ ကျွန်ုပ် သူ့လက်နဲ့ တိုက်တဲ့ သေရည်ကို သောက်ပြီး ကိုယ့်အကျင့်ကို ချိုးဖောက်ဖျက်ဆီးခဲ့ပါတယ်။ အဲဒီလိုဖြစ်ရတာဟာ ကျွန်ုပ်ချစ်နေတဲ့ မိန်းမရဲ့လက်နဲ့တိုက်တဲ့ သေရည်ကို ကျွန်ုပ်အနေနဲ့ မငြင်းပယ်နိုင်ခဲ့လို့ပါ"

ဗိဇဂုတ္တသည် တမင်လုပ်ထားသည့် ဣန္ဒြေဖြင့် ပြောလေ၏။ "သေတံက ... တကယ်လို့ အဲဒီမိန်းမက သူ ငါ့ကို ချစ်တယ်လို့ မင်းကို မပြောခဲ့လို့ရှိရင် ... ပြီးတော့ သူ့ကိုယ်ကို မင်းအပေါ် ပုံအပ်မယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

အတန်ကြာမျှ စဉ်းစားဆင်ခြင်ပြီးနောက် သေတံကက ပြောလေ၏။ "အဲဒီလိုဆိုရင် ကျွန်ုပ် သခင့်ကို တောင်းပန်နေတော့မှာ မဟုတ်ဘဲ သခင့်ကို သစ္စာဖောက်တဲ့ ပြစ်မှုကို ကျူးလွန်မိကောင်း ကျူးလွန်မိလိမ့်မယ်ထင်တယ်"

mgyoe.com

mgyoe.com


ဗီဇဂုတ္တက သေတံကာ၏ကျောကို လက်ဖြင့် ပွတ်သပ်ရင်း ပြောလေသည်။

"သေတံက ... ငါ့ကို တောင်းပန်နေစရာ မလိုပါဘူး။ မင်းရဲ့ အခြေအနေမျိုးကို ရင်ဆိုင်နေရမယ်ဆိုရင် ... တခြားလူတစ်ယောက်လည်းပဲ မင်းလုပ်သလို မလုပ်ဘဲ နေနိုင်မှာ မဟုတ်ဘူး။ မင်း လုပ်ခဲ့တာဟာ မမှားပါဘူး။ အခု မင်းလုပ်တာလည်း မမှားဘူး။ မင်းအပြစ် လုံးဝမဟုတ်ဘူး။ အပြစ်က ပတ်ဝန်းကျင် အခြေအနေရဲ့ အပြစ်သာ ဖြစ်တယ်။ ဒါပေမဲ့ ငါ မင်းကို ကျေနပ်တယ်။ မင်းဟာ အပြစ်ကို ကျူးလွန်ပေမဲ့ အကျူးလွန်ခံရတဲ့ပုဂ္ဂိုလ်ကို ဖွင့်ဟပြောပြပြီး မင်း ကိုယ့်အပြစ်ကို ဆေးကြောပစ်လိုက်တယ်။ မင်း ငါ့ကို မကွယ်မထောင့်ဘဲ မှန်ရာကို ပြောပြတယ်။ အဲဒါဟာ မင်းအတွက် နည်းလမ်းကျတယ်။ ငါ့ကို သစ္စာဖောက်မိတယ်ဆိုတဲ့အချက်နဲ့ ပတ်သက်လို့တော့ မင်း နားမလည်သေးပါဘူး။ မင်း အခု ကမ္ဘာလောကထဲ ဝင်ခါစရှိသေးတယ်။ ကမ္ဘာလောက အတွေ့အကြုံရယ်လို့ မင်းမှာ မရှိသေးဘူး။ အတွေ့အကြုံ မှတ်ကျောက်ပေါ် ဘယ်နှကြိမ် ဘယ်နှခါ တက်ရဦးမယ်ဆိုတာ မသိဘူး။ အဲဒီအခါမှာ မင်းဟာ တာဝန် ဟုတ်၏၊ မဟုတ်၏ဆိုတဲ့အချက်ကို သတိပြုရလိမ့်မယ်။ အလိုဆန္ဒများဟာ အားကောင်းမောင်းသန် ဖြစ်လာပြီး မင်းကို နှိပ်စက်လိမ့်မယ်။ မင်း အဲဒီအလိုဆန္ဒတွေကို နှိမ်နင်းပစ်ရလိမ့်မယ်။ ဒီမှာပဲ မင်းရဲ့ အရည်အသွေး အစမ်းအသပ် ခံရလိမ့်မယ်။ အနိုင်နဲ့ အရှုံးအတွက် နယ်မြေဟာ ကမ္ဘာလောကသာ ဖြစ်တယ်။ လူသူ မဲ့တဲ့ နေရာ မဟုတ်ဘူး"

သေတံကာသည် ငို၍ နေသည်။ ငိုနေရာမှ ပြန်ပြောလေ၏။ "သခင်၊ အဲဒါတွေအားလုံးကို ကျွန်ုပ် လိုက်နာဆောင်ရွက်ပါမယ်။ ဒါပေမဲ့ ကျွန်ုပ်ကို အခု ကျူးလွန်မိတဲ့ အပြစ်ရဲ့ အပြစ်ဒဏ်ကိုတော့ ပေးသင့်ပါတယ်"

mgyoe.com

mgyoe.com


ဗိဇဂုတ္တသည် သေတံကာ၏ ဦးခေါင်းပေါ်တွင် လက်တင်လျက် ပြောလေသည်။ "ဘာဖြစ်လို့ ငိုနေရတာလဲ ... အခု အပြစ်ရဲ့ အပြစ်ဒဏ်ကို လိုချင်လို့လား။ ဒါပေမဲ့ မင်း အပြစ်ကို ကျူးလွန်တာမှ မဟုတ်ဘဲ။ အပြစ်ဒဏ်ကို ဘယ်လိုလုပ်ပေးမလဲ။ အပြစ်ဆိုတာ အလုပ်မှာသာ ရှိတယ်။ အကြံအစွေးမှာ ရှိတာ မဟုတ်ဘူး။ အကြံအစွေးဆိုတာ အလုပ်ရဲ့ ကိရိယာ တန်ဆာပလာမျှသာ ဖြစ်တယ်။ ဒါပေမဲ့ မင်းအပြစ်ဒဏ်ကို လိုချင်တယ် ဆိုရင်တော့ ... ငါ မင်းကို အခက်ခဲဆုံး အပြစ်ဒဏ်ကို ပေးမယ်။ အဲဒီအပြစ်ဒဏ်ဟာ တခြား မဟုတ်ဘူး။ မင်း ထုံးစံအတိုင်း နောက်နောင်အခါမှာလည်း စိတ္တရလေခါကို သူ့အိမ်အထိ လိုက်ပို့ပေးရမယ်"

■

mgyoe.com

mgyoe.com

## အခန်း လေး

ဝိသာလဒေဝသည် ကုမာရဂိရိ၏ သန္တာန်၌ ကြီးကျယ်သော ဝိညာဉ်ကို တွေ့ရသည်။ ကုမာရဂိရိ၏ အသိဉာဏ်ပညာနှင့် အရှိန်အဝါ၏ ရှေ့မှောက်၌ သူသည် ဦးနှိမ် ဝပ်တွားလေသည်။ ကုမာရဂိရိ၏ စဉ်းစားဉာဏ်သည် ရင့်သန် ခိုင်မာလှသည်။ ဝိသာလဒေဝ၏ ယုံမှားသင်္ကာဟူသမျှကို တစ်ခဏအတွင်း၌ပင် ကုမာရဂိရိက ဖယ်ရှားဖျောက်ဖျက်ပေးသည်။ ကုမာရဂိရိသည် ဝိသာလဒေဝအား ယောဂအကျင့်ကို အလေ့အကျင့် ပြုလုပ်ရန် သင်ကြားပြသပေးသည်။ ကုမာရဂိရိသည် တပည့်ကောင်းကို ရရှိသလို ဝိသာလဒေဝမှာလည်း .. ဆရာကောင်းကို ရရှိသည်။

ထိုနေ့က ကုမာရဂိရိသည် ဝိသာလဒေဝအား ဘုရားဝတ်ပြုခြင်း၏ အရေးပါ အရာ ရောက်ပုံကို ပြောပြနေသည်။ ထိုအချိန်၌ နေဝင်သွားလေပြီ။ လူသူဆိတ်သုဉ်းရာ၌ တည်ရှိသော ကုမာရဂိရိ၏ သင်္ခမ်းကျောင်းမှ ဆီမီးသည် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းနေသည်။ ရုတ်တရက် တံခါးဝ၌ ခြေသံကြားရ၏။ မရှေးမနှောင်းပင် တစ်စုံတစ်ယောက်က အသံပြုလိုက်၏။ "မျက်စိလည် လမ်းမှားနေတဲ့ ခရီးသည်တွေ တစ်ညလောက် တည်းခိုပါရစေ"

mgyoe.com

mgyoe.com


ကုမာရဂိရိက ပြန်ပြောလေ၏။ "လာကြပါ။ ကျုပ်ရဲ့ သင်္ခမ်းကျောင်းဟာ မျက်စိလည် လမ်းမှားနေတဲ့ သတ္တဝါတိုင်းအတွက် တံခါးပွင့်နေပါတယ်" ကုမာရဂိရိသည် ကိုယ့်စကားကို ကိုယ်ပြန်ရယ်နေ၏။

ထိုအခိုက် မိန်းမတစ်ယောက်နှင့်အတူတကွ ယောက်ျားတစ်ယောက်သည် သင်္ခမ်းကျောင်းအတွင်းသို့ ဝင်ရောက်လာလေ၏။

မိန်းမကို မြင်လိုက်ရသည်ဖြစ်၍ ယောဂီ ကုမာရဂိရိသည် ထိတ်လန့်သွားလေ၏။ ယောက်ျားအား ပြောလိုက်သည်။ "ဧည့်သည် ... သင်နဲ့ အတူ မိန်းမတစ်ဦးလည်း ပါလာတယ်လို့ သင် ဘာဖြစ်လို့ မဆွက မပြောသလဲ။ ဒီဟာ လူ့ဘောင်လူ့လောကကို စွန့်ပယ်ထားတဲ့ ယောဂီတစ်ဦးရဲ့ သင်္ခမ်းကျောင်းဆိုတာ သင် သိဖို့ကောင်းတယ်"

ယောက်ျားက ပြန်ပြောလေသည်။ "အရှင် ... ဒီဟာ ယောဂီတစ်ဦးရဲ့ သင်္ခမ်းကျောင်းဖြစ်တယ်ဆိုတာ ကျွန်ုပ် သိပါတယ်။ ဒါပေမဲ့ ဣန္ဒြေများကို ချိုးနှိမ် အနိုင်ယူထားတဲ့ ယောဂီတစ်ဦးဟာ တစ်ညတာမျှ မိန်းမတစ်ယောက်ကို ... အဲဒီမိန်းမဆိုတာကလဲပဲ ... ယောက်ျားတစ်ယောက်နဲ့အတူလာတဲ့ မိန်းမဖြစ်နေပေမဲ့ တည်းခိုခွင့်ပေးဖို့ ဝန်လေးနေလိမ့်မယ်ဆိုတာကိုတော့ ကျွန်ုပ် မတွေးမိပါ"

ထိုစကားကြောင့် ကုမာရဂိရိသည် တွေသွားလေ၏။ ထိုအခိုက် မိန်းမသည် နေရာတစ်ခုတွင် ထိုင်ချလိုက်လေသည်။ ဆီမီး၏ မှုန်မွှားသော အလင်းရောင်အောက်၌ သူ၏မျက်နှာသည် ပေါ်၍နေလေသည်။ ကုမာရဂိရိက ပြောလိုက်ပြန်လေသည်။ "ဧည့်သည် ... ကျုပ် ဒီသင်္ခမ်းကျောင်းထဲမှာ မိန်းမကို တည်းခိုခွင့်ပေးဖို့ ဝန်လေးနေတဲ့အကြောင်းက မိန်းမဆိုတာမျိုးဟာ အမိုက်တိုက်ဖြစ်တယ်၊ မောဟဖြစ်တယ်၊ မာယာဖြစ်တယ်၊ တဏှာဖြစ်တယ်။ အလင်းရောင် တောက်ပြောင်နေတဲ့ အသိဉာဏ်ပညာ လောကထဲမှာ မိန်းမအတွက် ဘယ်လိုနေရာမျိုးမှ မရှိဘူး။

mgyoe.com

mgyoe.com


အဲဒီအတွက်ကြောင့် ဖြစ်တယ်။ ဒါပေမဲ့ သင်တို့ နှစ်ဦးဟာ ကျုပ်ရဲ့ ညေ့်သည်များ ဖြစ်ကြတယ်။ သို့အတွက် သင်တို့ကို ညေ့်ခံဖို့ရန်ဟာ ကျုပ်ရဲ့ဝတ္တရား ဖြစ်တယ်"

ထိုအချိန်အထိ မိန်းမသည် ယောဂီနှင့် ညေ့်သည်တို့ အချီအချ ပြောဆိုနေကြသည်ကို အံ့ဩသော၊ စူးစမ်းလိုသော အမူအရာဖြင့် နားထောင်နေလေ၏။ ကုမာရဂိရိ စကားပြတ်သွားသောအခါ ဦးညွှတ်ပြီးလျှင် မိန်းမက စကားဆိုလိုက်လေ၏။ "အလင်းရောင်ကို တပ်မက်တဲ့ ပိုးဖလံဟာ အမှောင်ထဲက လာတာ မဟုတ်လား"

စကားဝါကျသည် မြားကဲ့သို့ စူးရှထက်မြက်၏။ အသံကမူ တေးဂီတကဲ့သို့ နူးညံ့ပျော့ပျောင်း၏။ အလှတွင် ကဗျာဆန်မှု ရှိနေ၏။ အလိုရမ္မက်၏ ယစ်မူးခြင်း၌ မာန်မာန ရှိနေ၏။ ကုမာရဂိရိသည် ထူးခြားလှသော ထိုမိန်းမ၏ ထူးခြားလှသော ထိုစကားကို ကြားရသည်ဖြစ်၍ အံ့အားသင့်သွား၏။ သူသည် ထိုမိန်းမကို ဂရုတစိုက် ငေးကြည့်လိုက်သည်။ မိန်းမကို မြင်ရသည့်အခါ တအံ့တသြဖြစ်နေမိသည်။ မိမိ၏တစ်သက်တာ၌ ဤမျှလှသော မိန်းမမျိုးကို တစ်ခါမျှ မတွေ့မြင်ခဲ့ဘူးပေ။ မိန်းမ၏စကားကို ပြန်လည်ဖြေကြားဖို့ သင့်သည်ဟု မယူဆသဖြင့် သူသည် ယောက်ျားဖြစ်သူအား ပြောလိုက်လေသည်။ "ကိုယ့်ညေ့်သည်တွေ မည်သူမည်ဝါဆိုတာ သိဖို့အခွင့်အရေး ကျုပ်မှာ ရှိတယ် မဟုတ်လား"

ယောက်ျားက ပြန်လည်ဖြေကြားသည်။ "အရှင် ... ကျွန်ုပ်ရဲ့အမည်က ဗီဇဂုတ္တလို့ ခေါ်ပါတယ်။ ပါဋလိပုတ် နေပြည်တော်က မြို့စားကလေးတစ်ဦးပါ။ ဒီမိန်းမကတော့ ပါဋလိပုတ်ရဲ့ အလှဆုံး၊ အချောဆုံး ကချေသည် စိတ္တရလေခါ ဖြစ်ပါတယ်"

"ဗီဇဂုတ္တနှင့် စိတ္တရလေခါ ..." ဤတစ်ကြိမ်၌မူ ကုမာရဂိရိသည်

mgyoe.com

mgyoe.com


စိတ္တရလေခါ ဘက်သို့ လှည့်လိုက်၏။ "ကချေသည် စိတ္တရလေခါ... သင့်ရဲ့ ကဗျာဆန်မှု ကြမ်းကြုတ်ခြင်းအပေါ်မှာ ယစ်မူးခြင်း ဖုံးအုပ်ထား တယ်။ သင်ရဲ့အဆိပ်ကို သင့်အလှက ကွယ်ဝှက်ထားတယ်။ သင်ဟာ ကျုပ်ရဲ့ဧည့်သည် ဖြစ်တယ်။ ကျုပ်ကို ရှိခိုးဦးညွှတ်တယ်။ ဆုမွန်ပေးဖို့ ရန်မှာ ကျုပ်ရဲ့တာဝန်ဝတ္တရား ဖြစ်တယ်။ ဘုရားသခင်က သင့်ကို အသိပညာပေးပါစေ"

စိတ္တရလေခါက ရယ်လိုက်၏။ သူ၏ချိုသာသော ရယ်သံ၌ စိတ်နှလုံးကို မိန်းမောစေတတ်သည့် ဓာတ်သဘောရှိနေသည်။ "ယောဂီ.. အသိပညာရဲ့ အနက်အဓိပ္ပာယ်ဖွင့်တာ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး။ ကွဲပြားခြားနားကြပါတယ်။ တပ်မက်ခြင်းရဲ့ သုခဟာ တပ်မက်မှုကင်း ခြင်းရဲ့ ဒုက္ခဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်အယူအဆ ကိုယ့် ဝါဒကို သတ်မှတ်ဖန်တီးကြပြီး ကိုယ်သတ်မှတ် ဖန်တီးတဲ့ အယူအဆ ဝါဒကိုပဲ လက်ခံ ယုံကြည်ကြတယ်။ လူတိုင်း လူတိုင်းဟာ မိမိကိုယ်ကို လမ်းမှန်ပေါ်မှာ ရှိနေတယ်လို့ ယူဆပြီး တခြား အယူအဆ တခြား ဝါဒ ကို လက်ခံယုံကြည်သူကိုတော့ လမ်းမှားပေါ် ရောက်နေတဲ့ လူတစ်ယောက် ပဲလို့ ယူဆကြတယ်"

တပ်မက်ခြင်း၏ ကျေးကျွန်ဖြစ်သူ ကချေသည်သည် တပ်မက် မှု ကင်းခြင်း၏ သခင်ဖြစ်သူ ယောဂီကို ရင်ဆိုင် နေလေပြီ။ တော်လှန် ရေးနှင့် ငြိမ်းချမ်းရေး၏ အားစမ်းပွဲ ဖြစ်သည်။ ဘဝနှင့် လွတ်မြောက်မှု ၏ ပြိုင်ပွဲဖြစ်သည်။ ကုမာရဂိရိက ဣန္ဒြေမပျက်ပင် ပြန်ပြောလေ၏။ "ဒါပေမဲ့ အမှန်တရားဆိုတာ ... တစ်ခုတည်း ရှိတယ်။ အဲဒီတစ်ခုတည်း သော အမှန်တရားဟာ ဘာလဲဆိုရင် ... အဖြစ်မှန်ကို သိမြင်ခြင်းပဲ။ ငြိမ်းချမ်းမှုနဲ့ ချမ်းသာမှု ရရှိနိုင်တဲ့လမ်းသာ မှန်ကန်တဲ့လမ်း ဖြစ်တယ်" ကုမာရဂိရိ၏အသံသည် တည်ကြည် လေးနက်၏။ အကျင့်၏ အရှိန်

mgyoe.com

mgyoe.com


အဝါသည် ယောဂီလုလင်၏ လှပသော သွင်ပြင်ကို တောက်ပအောင် ပြုမူ ဖန်တီးနေသည်။ ကုမာရဂိရိ၏ မျက်လုံးကြီးများ၌ ငြိမ်းချမ်းမှု အလင်းရောင် ပေါ်နေသည်။

ယောဂီ၏ မျက်လုံးသည် ကချေသည်၏ မျက်လုံးနှင့် တဒင်္ဂ တစ်ခဏမျှ ဆုံစည်းသွားသည်။ ရမ္မက်သည် အကျင့်၏ရှေ့မှောက်၌ တုန်လှုပ်သွား၏။ သူ့ရှေ့တွင် ရှိနေသော ယောဂီသည် သာမညပုဂ္ဂိုလ် တစ်ဦး မဟုတ်ကြောင်းကို စိတ္တရလေခါ သိရှိရိပ်မိသွား၏။ သို့ဖြစ်လင့်ကစား သူသည် အရဲစွန့်၍ ပြောလိုက်ပြန်၏။ "ငြိမ်းချမ်းမှုနဲ့ ချမ်းသာမှု ဟုတ်လား ... ငြိမ်းချမ်းမှုဆိုတာ ရပ်တန့်ငြိမ်သက်နေခြင်းရဲ့ အခြားအမည်နာမ တစ်ခု ဖြစ်တယ်။ ချမ်းသာမှု ဆိုတာလည်း သူ့ဝိဂြိုဟ် ဝစနတ်က တစ်မျိုးတည်းရှိတာ မဟုတ်ဘူး"

ယောဂီ ကုမာရဂိရိသည် ကချေသည် စိတ္တရလေခါ၏ နှုတ်မှ အဆီအငေါ် မတည့်သည့် အဘိဓမ္မာ သဘောတရား တို့ကို ယုတ္တိယုတ္တာ ရှိရှိ ကြားရသဖြင့် အံ့အားသင့်သွားလေ၏။ သူနှင့် စကားပြောနေသော မိန်းမမှာ လှရုံသာလျှင် မဟုတ်၊ ပညာရှိလည်း ဖြစ်နေသည်။ ထိုမိန်းမ၌ ကြံရည်ဖန်ရည် ရှိသည်။ ထိုးထွင်းဉာဏ် ရှိသည်။ ထိုးထွင်းဉာဏ်ကို ထိုးထွင်းဉာဏ်ကသာလျှင် ရင်ဆိုင်နိုင်သည်။ အသိဉာဏ် နယ်ပယ်၌ ထိုးထွင်းဉာဏ်သည် အမြင့်ဆုံးသော နေရာကို ရရှိလေသည်။ ကုမာရဂိရိသည် အတန်ကြာမျှ ခပ်မဆိတ် နေ၏။ ထိုနောက် တည်ကြည်လေးနက်စွာဖြင့်ပင် ပြန်ပြောလေ၏။ "ငြိမ်းချမ်းမှုဆိုတာ ... ရပ်တန့်ငြိမ်သက်နေခြင်းရဲ့ အခြား အမည်နာမတစ်ခု ဖြစ်တယ်ဆိုတာ၊ ရပ်တန့်ငြိမ်သက်နေခြင်းသာလျှင် လွတ်မြောက်ခြင်း ဝိမုတ္တိ ဖြစ်တယ်ဆိုတာ ... မှန်ပါတယ်။ တစ်ကမ္ဘာလုံးက ရပ်တန့်ငြိမ်သက်ခြင်းလို့ ခေါ်နေတဲ့ အရာဟာ တကယ်စင်စစ်တော့ ရပ်တန့်ငြိမ်သက်ခြင်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင်

mgyoe.com

mgyoe.com


အဲဒီအခြေအနေမှာ ဦးနှောက်က အလုပ် လုပ်နေတဲ့ အတွက်ကြောင့် ဖြစ်တယ်။ ရုပ်တန့်ငြိမ်သက်ခြင်းရဲ့ အနက်အဓိပ္ပာယ်က ဖြစ်ပေါ် ပေါက်ဖွား လာရာ ဖြစ်တဲ့ သုညထဲမှာ ရောနှော ပျောက်ကွယ်သွားခြင်းသာ ဖြစ်တယ်။ အဲဒီသုညဟာ ဘဝရဲ့ သတ်မှတ် ပိုင်းခြားထားတဲ့ ရည်မှန်းချက် ဖြစ်တယ်။ ပြီးတော့ သင် အခု ချမ်းသာမှုရဲ့ ဝိဂြိုဟ်ဝစနတ် အကြောင်း ကို ပြောတယ် မဟုတ်လား။ အဲဒါကိုလည်း ကျုပ် မှန်တယ်လို့ ယူဆ ပါတယ်။ ဒါပေမဲ့ ချမ်းသာမှုဆိုတာ တစ်မျိုးတည်းပဲ ရှိတယ်။ နှစ်မျိုး မရှိနိုင်ဘူး။ အဲဒီချမ်းသာမှု ရှိတဲ့အခါ လူဟာ သာမန်ရိုးရိုး အဆင့်ထက် မြင့်တက်သွားတယ်"

စိတ္တရလေခါသည် ကုမာရဂိရိ၏ စကား၌ အနှစ်သာရကို တွေ့ ရ၏။ သူသည် ယောဂီ လုလင်အား မသိမသာ တိမ်းညွတ်နေသည်ဟု ထင်နေမိသည်။ တစ်ကြိမ် အရဲစွန့်လိုက်ပြန်လေ၏။ "သုည ဟုတ်လား၊ ယောဂီ ... သင် ယောဂီရဲ့ အဲဒီ သုညကို ဘယ်သူ အယုံအကြည်ရှိမလဲ။ မျက်မှောက်မှာရှိတဲ့ အရာသာ မှန်တဲ့တရား ဖြစ်တယ်။ မြဲတဲ့ တရား ဖြစ်တယ်။ သုည ဆိုတာကတော့ စိတ်ကူးယဉ် အရာဝတ္ထုသာ ဖြစ်တယ်။ သုညရဲ့ ကြီးကျယ်ခမ်းနားပုံကို ထုတ်ဖော် ကြေညာနေတဲ့ ယောဂီ ... ကျွန်ုပ် နဲ့ သင် ယောဂီမှာ ကွဲပြား ခြားနားချက်ကို သင် ယောဂီ တွေ့သလား။ တကယ်လို့ တွေ့တယ်ဆိုရင် ... သင် ယောဂီဟာ သုညကို ယုံကြည်တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။ မတွေ့ဘူးဆိုရင်တော့ ... သင်ရဲ့အသိဉာဏ်နဲ့ အမိုက် မှောင်၊ သုခနဲ့ ဒုက္ခ၊ မိန်းမနဲ့ ယောက်ျား၊ ကောင်းမှုနဲ့ မကောင်းမှု ကွဲပြား ခြားနားချက် အသိဟာ ယုံတမ်းမျှသာ ဖြစ်လိမ့်မယ်။ မနုဿလူသား ကို ဖန်ဆင်းတဲ့ ဘုရားသခင်က လူရဲ့ လုပ်ငန်းစဉ်ကိုလည်း သတ်မှတ် ပေးတယ်။ ဘုရားသခင်က လူကို လူ့လောကထဲမှာ လာပြီး အလုပ် လုပ် ရအောင် မွေးဖွားလိုက်တာ ဖြစ်တယ်။ ကမ္ဘာလောကရဲ့ အနှောင့်အယှက်

mgyoe.com

mgyoe.com


အခက်အခဲကြားထဲက သူ့ရဲ့ဘောကြောင်တဲ့ လူလို ထွက်ပြေး တိမ်းရှောင် သွားဖို့ ဘုရားသခင်က မွေးထုတ်လိုက်တာ မဟုတ်ဘူး။ ပြီးတော့ ချမ်းသာမှု ဆိုတာကကော၊ ချမ်းသာမှု ဆိုတာဟာ ... တင်းတိမ်ရောင့်ရဲမှုရဲ့ အခြား အမည်နာမတစ်ခု ဖြစ်တယ်။ တင်းတိမ်ရောင့်ရဲမှု ဆိုတာဟာ အလိုဆန္ဒ ရှိတဲ့ နေရာမှာသာ၊ အာသာ ရမ္မက်ရှိတဲ့ နေရာမှာသာ ဖြစ်နိုင်တယ်"

ယောဂီသည် တည်ကြည် လေးနက်၏။ ကချေသည်က ပြုံးရယ်နေသည်။

ဗိဇဂုတ္တာသည် မိမိ၏ တပည့်မ (သို့မဟုတ်) ဘဝကြင်ဖော် ဖြစ်သူ စိတ္တရလေခါ၏ နှုတ်မှ မိမိ နှစ်ခြိုက်သည့် အယူဝါဒများကို ယုတ္တိယုတ္တာ ရှိရှိကြားရသဖြင့် စိတ္တရလေခါအား ပိုမိုစွဲလမ်းနေမိသည်။ ဝိသာလ ဒေဝကမူ ကချေသည်၏အသိပညာကို အံ့သြ ငေးမောနေ၏။ နှစ်ဦး လုံးပင် ကုမာရဂိရိ၏အဖြေကို ငံ့လင့်စောင့်စားနေကြသည်။

ကုမာရဂိရိသည် အတန်ကြာမျှ ခပ်မဆိတ် ထိုင်နေ၏။ ထို့နောက် အတန်ကြာမှ တည်ကြည်လေးနက်စွာဖြင့် ပြောလေသည်။ "ဘုရားသခင် ဟုတ်လား ... ဘုရားသခင်နဲ့ လူမှာ ဘယ်လို ကွဲပြားခြားနားချက်မှ မရှိဘူး။ ကွဲပြားခြားနားချက်က ဗဟိဒ္ဓ ကွဲပြား ခြားနားချက်သာ ဖြစ်တယ်။ ကမ္ဘာလောက ဆိုင်ရာ ကွဲပြားခြားနားချက်သာ ဖြစ်တယ်။ မာယာနဲ့ ဗြဟ္မရဲ့ ပေါင်းစပ်နေမှုကိုပဲ ပုဂ္ဂိုလ်သတ္တဝါ ငါ လို့ ခေါ်ခြင်းဖြစ်တယ်။ အမှန်စင်စစ် မာယာဟာ ဗြဟ္မရဲ့ အစိတ်အပိုင်း ဖြစ်ပေမဲ့ အပြင်ပန်းအားဖြင့် ကြည့်ရင် ... ဗြဟ္မနဲ့ တသီးတခြား ဖြစ်တယ်။ ဗြဟ္မဟာ မာယာနဲ့ ရစ်ပတ် ကပ်ငြိ နေသရွေ့ ကမ္ဘာလောက ပိုက်ကွန် ထဲမှာပဲ ရှိနေတယ်။ မာယာကို စွန့်ပယ်ပြီးတဲ့နောက်မှ ဗြဟ္မဟာ သူ့ဟာသူ သီးခြား ဖြစ်သွားနိုင်တယ်။ သင်နဲ့ ကျုပ်ဟာ အမှန်တကယ်ကတော့ ဘယ်လို ခြားနားချက်မှ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ... သင်လည်းပဲ ဗြဟ္မရဲ့ အစိတ်အပိုင်း ဖြစ်တယ်။

mgyoe.com

mgyoe.com


ကျုပ်လည်းပဲ ဗြဟ္မရဲ့ အစိတ်အပိုင်း ဖြစ်တယ်။ ခြားနားချက်က ဘာလဲ ဆိုရင် ... သင်က မာယာ ရောစပ်နေတဲ့ ဗြဟ္မဖြစ်တယ်။ ကျုပ်က မာယာ ကို စွန့်ပယ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒါပဲ ထူးခြားတယ်။ ဒါကြောင့် မို့ ကျုပ်ဟာ ဘဝမှာ ရှေ့တန်း ရောက်နေအောင် မာယာကို ဘဝနဲ့ တသီး တခြား ထားလိုတဲ့ စိတ်ဆန္ဒ ရှိနေခြင်း ဖြစ်တယ်။ ပြီးတော့ ချမ်းသာသုခ ကို တင်းတိမ် ရောင့်ရဲခြင်းလို့ သင်က ပြောတယ်။ ဒီနေရာမှာလည်း သင် မှားတယ်။ တကယ်လို့ တင်းတိမ်ရောင့်ရဲခြင်းသာလျှင် နှစ်သိမ့်မှု ရရှိ ခြင်းရဲ့ တစ်ခုတည်းသော ကိရိယာတန်ဆာပလာ ဖြစ်တယ် ဆိုရင်တော့ တင်းတိမ်ရောင့်ရဲခြင်းဟာ ချမ်းသာသုခ ဧကန်မုချ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တဏှာ ပိုက်ကွန်ထဲမှာ ဖမ်းမိနေတဲ့အတွက် တင်းတိမ် ရောင့်ရဲမှုနဲ့အတူ နှစ်သိမ့်ခြင်း ဆိုတာ ဖြစ်မလာဘူး။ ဗြဟ္မဟာ မာယာနဲ့ ပေါင်းစပ်နေရင် မိမိကိုယ်ကို မေ့လျော့ပြီး တဏှာ ပိုက်ကွန်ထဲမှာ လှည့်လည် ကျက်စား နေတော့တာပဲ။ ဒါပေမဲ့ မာယာကို စွန့်ပယ်ပြီး မိမိကိုယ်ကို ပြန်လည် သတိရတဲ့ တစ်နေ့ ရောက်တဲ့အခါမှာ တင်းတိမ်ရောင့်ရဲခြင်းလည်း ဖြစ် လာတယ်။ နှစ်သိမ့်ခြင်းလည်း ဖြစ်လာတယ်။ ဒုက္ခပြွမ်းနေတဲ့ လူ့လောက ကို စွန့်ခွာခြင်းကိုသာ ချမ်းသာသုခလို့ ခေါ်တယ်"

ကုမာရဂိရိသည် အတန်ကြာမျှ ရပ်နားလိုက်လေ၏။ ထို့နောက် စိတ္တရလေခါအား ပြန်လည် ချေပခွင့်မပေးဘဲ ဆက်၍ ပြောပြန်လေသည်။

"ပြီးတော့ သတိထားရမှာက ... တက္ကသဘောနဲ့ စောဒကတက်တယ် ဆိုတာ ဆုံးတယ်လို့ မရှိဘူး။ အမှန်တရား ဆိုတာ ... အတွေ့အကြုံနဲ့သာ သိရတဲ့အရာမျိုး ဖြစ်တယ်။ အတွေ့အကြုံနဲ့ ယုံကြည်မှု။ အဲဒီ နှစ်မျိုးနဲ့ ကင်းပြီး လူဟာ အသိဉာဏ် ပညာကို ရရှိဖို့ မလွယ်ကူဘူး"

ယင်းသို့ ပြောပြီးလျှင် ကုမာရဂိရိသည် မတ်တတ် ရပ်လိုက်သည်။

"ညဉ့်တောင် အတော် နက်သွားပြီ။ အိပ်တာပဲ ကောင်းပါလိမ့်မယ်"

mgyoe.com

mgyoe.com


စိတ္တရလေခါသည် ကုမာရဂိရိ၏ အဖြေကို ဘဝင်မကျ ဖြစ်နေသည်။ ကုမာရဂိရိကလည်း ထိုအချက်ကို သိရှိ ရိပ်မိလေ၏။ သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် ကုမာရဂိရိ၏ အရည်အသွေးက စိတ္တရလေခါအား ဖြားယောင်း သွေးဆောင် ထားလေ၏။ ယောဂီသည် ကချေသည်၌ ဉာဏ်ပညာကို မြင်ရ၏။ ကချေသည်က ယောဂီတွင် အလှကို တွေ့ရသည်။ ထူးခြား ဆန်းကြယ်သော အချက်ပေတည်း။ သူတို့ နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ကျေနပ် အားရမသွားကြပေ။ သို့ရာတွင် တစ်ဦးအပေါ် တစ်ဦး အာရုံ စူးစိုက်သွားလေ၏။ သူတို့နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး စွဲမက်စရာကို တွေ့ကြသည်။ ယောဂီက ဉာဏ်ပညာတည်း ဟူသော စွဲမက်စရာကို တွေ့သည်။ ကချေသည်က အလှတည်း ဟူသော စွဲမက်စရာကို တွေ့သည်။ သို့ရာတွင် ဗီဇဂုတ္တ အဖို့ မည်သည့်အရာကို တွေ့ရသည် ဆိုသည့်အချက်ကိုမူ သူကိုယ်တိုင်ပင် မသိနားမလည်ပေ။ ကုမာရဂိရိနှင့် စိတ္တရလေခါ တို့၏ စကားများကြောင့် သူ၏ နှလုံးထဲတွင် မငြိမ်သက်ခြင်း တစ်မျိုးသည် ပေါက်ဖွား ဖြစ်ပေါ်လာလေသည်။ အယူဝါဒရေးရာနှင့် စပ်လျဉ်းသော မငြိမ်သက်ခြင်းကား မဟုတ်ပေ။ သို့ရာတွင် မည်ကဲ့သို့သော မငြိမ်သက်ခြင်းမျိုး ဖြစ်သနည်းဟု သိရှိရန် အကြိမ်များစွာ ကြိုးစား အားထုတ်ပါသော်လည်း သိရှိခြင်းငှာ မစွမ်းနိုင် ဖြစ်နေသည်။ သူ၏ နှလုံးသည် စိတ္တရလေခါ၏ နှလုံး၌ မှုန်တိမှုန်မွှား ထင်နေသော ကုမာရဂိရိအား စွဲမက်ခြင်း၏ အရိပ်အယောင် တစ်ခုကို တွေ့မြင်ရသည်။ သို့ရာတွင် ထိုအချက်ကို သူ မယုံကြည်ပေ။

ကုမာရဂိရိက ပြောလေ၏။

"ကျုပ်တပည့် ဝိသာလဒေဝ ... ဒီနေ့ည ကျုပ် သခ်မ်းကျောင်းဆောင်မှာ အိပ်လိမ့်မယ်။ သူ့အဆောင် အားနေတယ်။ ဧည့်သည်တွေ အဲဒီ အဆောင်မှာ အိပ်နိုင်ကြပါတယ်"

mgyoe.com

mgyoe.com


ဗိဇဂုတ္တက မတ်တတ် ရပ်လိုက်သည်။ စိတ္တရလေခါ ကလည်း မရှေးမနှောင်းပင် မတ်တတ် ရပ်လိုက်၏။ ကုမာရဂိရိ အပါးမှ မသွားမီ စိတ္တရလေခါက ပြောလိုက်လေသည်။ "ယောဂီ ... တရားကျင့်တယ် ဆိုတာဟာ ဘဝရဲ့အမှား ဖြစ်တယ်ဆိုတဲ့အကြောင်း ... ကျွန်ုပ် သင် ယောဂီကို ပြောပြပါရစေ။ တရားကျင့်ခြင်းရဲ့ အဖြစ်မှန်ဟာ ဘာလဲလို့ ဆိုရင် အတ္တကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းပဲ။ ကဲ ... ခွင့်ပြုပါဦး။ သင် ယောဂီ ရဲ့ ခြေအစုံကို ကချေသည် စိတ္တရလေခါက ရှိခိုး ဦးညွှတ်လိုက်ပါတယ်"

ယင်းသို့ ပြောပြီးလျှင် စိတ္တရလေခါသည် ရယ်ရယ်မောမောနှင့် ဗိဇဂုတ္တနှင့် အတူ သင်္ခမ်းကျောင်းဆောင်၏ အပြင်ဘက်သို့ ထွက်သွား လေ၏။

စိတ္တရလေခါ ထွက်သွားပြီးသောအခါ ကုမာရဂိရိက ရယ်လိုက် လေ၏။ "သင်ပြောတာ မှန်တယ်။ တရားအကျင့် ဆိုတာ ... အတ္တကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းကို ခေါ်တယ်။ ပြီးတော့ အတ္တ ဆိုတာဟာလည်း ဗြဟ္မနဲ့ မာယာရဲ့ ပေါင်းစပ်ထားခြင်းကို ခေါ်တယ်။ အတ္တ သေဆုံးသွား တဲ့အခါ မာယာရဲ့ အသွင်အပြင်ဟာ ပျောက်ကွယ်သွားပြီး ဗြဟ္မပဲ ကျန် ရှိတော့တယ်။ ဒါပေမဲ့ ကချေသည် ... သင်ဟာ တကယ်လို့ တွေ့ဖူးကြုံ ဖူးတယ်ဆိုရင် ... တကယ်လို့ သင့် ပတ်ဝန်းကျင် အခြေအနေဟာ တခြား တစ်မျိုးဖြစ်ရင် ... သင်လည်းပဲ ဒီလျှို့ဝှက်ချက်ကို သိရှိနားလည်နိုင်ကောင်း စရာ ရှိပါတယ်။ သင့်မှာ အသိဉာဏ်တော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ အသိဉာဏ်ကို လမ်းညွှန်ပြမယ့်သူ တစ်စုံတစ်ဦး သင့်မှာ ရှိပုံ မရဘူး။ သင့်အတွက် ကျုပ် စိတ်မကောင်း ဖြစ်မိတယ်"

ဝိသာလဒေဝသည် ဗိဇဂုတ္တနှင့် စိတ္တရလေခါကို သူ၏ သင်္ခမ်း ကျောင်းဆောင်သို့ ပို့ပြီးလျှင် ဆရာအရှင်၏ သင်္ခမ်းကျောင်းဆောင်သို့ ပြန်လာလေသည်။ မအိပ်မီ ဗိဇဂုတ္တက စိတ္တရလေခါအား ခေါ်လိုက်လေ၏။

mgyoe.com

mgyoe.com


"စိတ္တရလေခါ"

စိတ္တရလေခါက ပြန်ထူး၏။ "ဘာလဲ အချစ်"

ဗိဇဂုတ္တသည် သက်ပြင်းရှည်ကြီးကို တစ်ချက် ချပြီးလျှင် ပြောလေသည်။

"နှလုံးပေါ်မှာ တစ်စုံတစ်ခု ပိ နေသလိုပဲ အောက်မေ့တယ်။ ကျုပ်တို့နှစ်ဦးရဲ့ ဘဝမှာ ဒုက္ခတိမ်လိပ်များ အုံ့ဆိုင်းနေတယ်လို့ ကျုပ်ထင်နေတယ်။ စိတ္တရလေခါ ... ကုမာရဂိရိဟာ ယောဂီဖြစ်တယ်။ သူ့မှာ တပ်မက် စွဲလမ်းစေတတ်တဲ့ စွမ်းရည်သတ္တိ တစ်မျိုးလည်း ရှိတယ်ထင်တယ်"

စိတ္တရလေခါသည် တစ်ခဏမျှ မျက်နှာပျက်သွားလေ၏။ သို့ရာတွင် ချက်ချင်းပင် ဣန္ဒြေဆောင်လိုက်ပြီးလျှင် ပြောလေသည်။

"အချစ် ... ကုမာရဂိရိဟာ ယောဂီဖြစ်တယ်။ အရှုး အမိုက်လည်း ... ဖြစ်တယ်။ သူ့အတ္တဟာ သေဆုံးသွားပြီ"

စိတ္တရလေခါသည် ဗိဇဂုတ္တကို လည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း လှည့်စားလိုက်လေ၏။ ဆက်၍ ပြောပြန်လေသည်။ "ကုမာရဂိရိဟာ ... လူသူမဲ့တဲ့နေရာမှာ နေတဲ့လူ ဖြစ်တယ်။ ကျွန်မတို့က ... လှုပ်ရှားနေတဲ့ ကမ္ဘာလောကရဲ့ ဇာတ်ကောင်များ ဖြစ်တယ်။ ကုမာရဂိရိက အာသာရမ္မက်ကို နှိမ်နင်းသတ်ဖြတ်ထားသူဖြစ်တယ်။ ကုမာရဂိရိရဲ့ ဘဝရည်မှန်းချက်က စိတ်ကူးယဉ်ထဲက သုညဖြစ်တယ်။ ကျွန်မတို့ရဲ့ ဘဝရည်မှန်းချက်က ... ယစ်မူးခြင်းရဲ့ ရူးမူးခြင်း ဖြစ်တယ်။ အချစ် ... ကမ္ဘာလောကမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ကျွန်မတို့ နှစ်ဦးရဲ့ အကြားမှာ ဝင်ရောက်မလာနိုင်ဘူး ... သိလား"

ဗိဇဂုတ္တ၏ မျက်နှာသည် ပီတိသောမနဿဖြစ်ပြီးလျှင် ဝင်းလက်တောက်ပသွား၏။

mgyoe.com

mgyoe.com


"ဘုရားသခင်က အဲဒီလိုဖြစ်အောင်ပဲ မ ပါစေ"

စိတ္တရလေခါသည် ဗီဇဂုတ္တကို လှည့်စား၍ရသွား၏။ သို့ရာတွင် မိမိကိုယ်ကိုမူ လှည့်စား၍ မရပေ။ သူသည် စိတ်ထဲက တွေးတောနေမိ၏။ "ကုမာရဂိရိဟာ ချောတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာတော့ ငြင်းလို့မရဘူး"

■

mgyoe.com

mgyoe.com

# အခန်း ငါး

မဟာ ယဇ် ပူဇော်ပွဲ၏ ယဇ်ခိုးယဇ်ငွေ့များဖြင့် ထုံသင်း ကြိုင်လှိုင်နေသော ဘုရင့်နန်းတော်၏ ကျယ်ပြန့်လှသော ညီလာခံ ခန်းမဆောင်၌ စန္ဒဂုတ် မောရိယ ဘုရင်၏ မင်းပရိသတ်များသည် စုဝေးနေကြလေသည်။ ရတနာ စီခြယ်ထားသည့် သီဟာသန ရွှေပလ္လင်ထက်၌ ဘုရင်မင်းကြီးသည် ရှေ့ ဘက် မျက်နှာမူလျက် တင့်တယ် စံပယ်နေတော်မူ၏။ ဘုရင်မင်းကြီး ၏ လက်ယာဘက်၌ ကျယ်ပြန့်သော နိုင်ငံတော်အတွင်းမှ ပင့်ဖိတ်ထား အပ်သော မြို့စား၊ နယ်စား ပဒေသရာဇ်များသည် ကြီးစဉ်ငယ်လိုက် အဆင့်အတန်း အားလျော်စွာ ထိုင်နေကြလေ၏။ လက်ဝဲဘက်၌မူ မှူး ကြီးမတ်ရာများက ထိုင်နေကြ၏။ ရှေ့ဘက်၌မူကား ယဇ်ပူဇော်ပွဲ၏ ဦးစီးဦးဆောင် ဗြာဟ္မဏများ၊ ရသေ့သူတော်စင်များ စုရုံး ထိုင်နေကြ လေ၏။

ယင်း ညီလာခံသဘင်သည် ယဇ်ပူဇော်ပွဲ ကျင်းပပြုလုပ်ပြီးသော အခါ အစဉ်အလာအရ အဘိဓမ္မာ သဘောတရားကို ဆွေးနွေးရန် ကျင်းပပြုလုပ်သော ညီလာခံသဘင် ဖြစ်လေသည်။ ဘုရင် စန္ဒဂုတ် သည် ရယ်လျက် မိမိ၏ အမတ်ချုပ်ကြီး စာဏကျ ဘက်သို့ လှည့်ကြည့်

mgyoe.com

mgyoe.com


လိုက်လေ၏။ "ဘယ့်နှယ့်လဲ ... နီတိရေးရာ လိမ္မာကျွမ်းကျင်လှတဲ့ သုခမိန် အမတ်ကြီး ... သင် အမတ်ကြီးရဲ့ နီတိကျမ်းဟာ နေရာများစွာမှာ ဘာသာ ရေး အယူအဆများကို ဥပေက္ခာပြုထားတာ တွေ့ရပါကလား။ အဲဒါ ဘယ်လိုအကြောင်းကြောင့်ပါလဲ။ နီတိကျမ်းဟာ ဘာသာရေး တရားထဲမှာ အကျုံးဝင် သလား၊ မဝင်ဘူးလား ဆိုတာကို အသင် အမတ်ကြီး ကျွန်ုပ်ကို လျှောက်တင် မပြနိုင်ဘူးလား"

စာဏကျ အမတ်ကြီးသည် မတ်တတ် ရပ်လိုက်လျက် မိမိ၏ တူရူရှိ ပညာရှင် ပရိသတ်အား ဦးညွှတ် နှုတ်ဆက်၍ ဘုရင်မင်းကြီးအား အရိုအသေပြုပြီးလျှင် တစ်ဖန် ပြန်ထိုင်လိုက်လေ၏။ ထိုင်ပြီးသောအခါ ကြမှ ... ဘုရင်မင်းကြီးအား နားတော် လျှောက်လေသည်။ "အရှင်မင်းကြီး အမိန့်ရှိတော်မူသည်မှာ အလွန့်တရာ သင့်တင့် လျောက်ပတ်လှပါတယ်။ အကျွန်ုပ်ရဲ့ နီတိကျမ်းထဲမှာ ဟိုနေရာ ဒီနေရာမှာ လူအများ ယုံကြည် လက်ခံထားတဲ့ ဘာသာတရားရဲ့ အစဉ်အလာတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ အယူအဆတွေကို တွေ့ရတယ် ဆိုတာ ဟုတ်ပါတယ်။ အဲဒီ အချက်ကို အကျွန်ုပ် လက်ခံပါတယ်။ ဒါပေမဲ့ တစ်ပြိုင်နက်ထဲမှာ အကျွန်ုပ် လျှောက်တင်ပြချင်တာ တစ်ခုက ... ဘာသာတရားဆိုတာ ... လူ့အဖွဲ့ အစည်းက ဖန်ဆင်း တီထွင်တဲ့ အရာ ဖြစ်တယ်။ ဘာသာတရားက နီတိပညာကို မွေးဖွားပေးတယ် ဆိုတဲ့အချက်နဲ့ ဆန့်ကျင်ဘက်အားဖြင့် နီတိပညာကသာ ဘာသာတရားကို မွေးဖွားတယ်။ လူ့အဖွဲ့အစည်းကို အသက်ရှင် နေစေဖို့ရန်အတွက် လူ့အဖွဲ့အစည်းက သတ်မှတ် ပိုင်းခြား ထားတဲ့ ဥပဒေစည်းကမ်းများကိုပဲ နီတိပညာလို့ ခေါ်ခြင်းဖြစ်တယ်။ အဲဒီ နီတိပညာရဲ့ အခြေခံက ကျိုးကြောင်း ဆင်ခြင်မှု ဖြစ်တယ်။ ဘာသာ တရားရဲ့ အခြေခံက ယုံကြည်မှုဖြစ်တယ်။ ယုံကြည်မှု နှောင်ကြိုးနဲ့ လူကို တုပ်နှောင်ပြီး လူမှုရေး ဥပဒေစည်းကမ်းကို လိုက်နာစေခြင်းသည်

mgyoe.com

mgyoe.com


သာလျှင် လူ့အဖွဲ့အစည်း လူ့လောကအတွက် အကျိုး ဖြစ်ထွန်းနိုင်တယ်။ သို့အတွက် ဘာသာတရားနဲ့ ဆန့်ကျင်ဘက် ပြုခြင်းသည်သာလျှင် လူ့ ဘောင် လူ့လောကအတွက် အကျိုး ဖြစ်ထွန်းနိုင်မယ့် အခြေအနေ မျိုး၊ ပြီးတော့ ... တဖြည်းဖြည်း တစ်စစနဲ့ ဘာသာတရားရဲ့ အသွင်ပုံစံ ပြောင်းလဲသွားမယ့် အခြေအနေမျိုး၊ အဲဒီလို အခြေအနေမျိုးများလည်း ပေါ်ပေါက်လာနိုင်စရာ ရှိတယ်"

စာဏကျ အမတ်ကြီး၏ စကားဝါကျ ဆုံးသွားသည်နှင့် တစ်ပြိုင် နက် ပညာရှင်ပရိသတ် အတွင်း၌ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် တစ်ခဲ နက် လွှမ်းမိုးသွားလေ၏။ စန္ဒဂုတ် ဘုရင်မင်းကြီးသည် ဂုဏ်ယူမော် ကြွားသော အမူအရာဖြင့် မိမိ၏ အမတ်ကြီး လည်းကောင်း၊ မိမိ တူရူရှိ ပညာရှင် မင်း ပရိသတ်ကို လည်းကောင်း တစ်လှည့်စီ ကြည့်လိုက် လေ၏။ အမတ်ကြီးသည် ကြီးကျယ်လှသော စကားကို ပြောချလိုက် လေသည်။ သူ၏ စကားသည် အနှစ်သာရရှိသည်ကား မှန်၏။ သို့ရာ တွင် အသစ်အဆန်း ဖြစ်နေသည်။ လူအများ လက်ခံ ထားသော အယူ အဆများနှင့် ဖီလာဖြစ်နေသည်။ ထိုစကားကို မည်သူ ပြန်လှန်ချေပ မည်နည်းဟု ပရိသတ်အပေါင်းက ငံ့လင့် စောင့်စားနေကြ၏။

ပညာရှင် မင်းပရိသတ်ထဲတွင် ထိုင်နေသော ယောဂီ လုလင် တစ်ဦးက တည်ငြိမ် ဣန္ဒြေရသော အမူအရာဖြင့်ပင် ပြန်လည်ချေပ၏။ "အရှင်မင်းကြီး ... ဘုရားသခင်ဟာ လူကို ဖြစ်ပေါ်စေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါ တယ်။ လူဟာ လူ့လောက လူ့ဘောင်ကို ဖြစ်ပေါ်စေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါ တယ်။ ဘာသာတရားဆိုတာ ... ဘုရားသခင်ရဲ့ ကမ္ဘာလောက အတွင်းက အသွင်အပြင် ဖြစ်တယ်။ လူကို ဘုရားသခင်နဲ့ တွေ့ဆုံစေတဲ့ ကိရိယာ တန်ဆာပလာ ဖြစ်တယ်။ ဘာသာတရားကို မထီမဲ့မြင် ပြုခြင်းဟာ ဘုရား သခင်ကို မထီမဲ့မြင် ပြုခြင်းပင် ဖြစ်ပါတယ်။ အမှန်တရားကို ဖယ်ကြဉ်

mgyoe.com

mgyoe.com



ရှောင်ရှားခြင်းပင် ဖြစ်ပါတယ်။ အမှန်တရား ဆိုတာ ... တစ်ခုတည်း ရှိတယ်။ ဘာသာတရား ဆိုတာ ... အဲဒီ အမှန်တရားရဲ့ အခြား အမည်နာမ တစ်ခု ဖြစ်တယ်။ တကယ်လို့ နီတိပညာဟာ ဘာသာတရားရဲ့ အယူအဆတွေနဲ့ ဖီလာဖြစ်နေတယ်ဆိုရင် ... အဲဒီ နီတိပညာဟာ ... နီတိပညာ မဟုတ်ဘူး။ နီတိ မဟုတ်တဲ့ ပညာသာ ဖြစ်ဖို့ရှိတယ်။ သင့်လျော်၏၊ မသင့်လျော်၏၊ တရား၏၊ မတရား၏ ဆိုတဲ့ အချက်အလက် အားလုံးရဲ့ မှတ်ကျောက်ဟာ ဘာသာတရားသာလျှင် ဖြစ်ပါတယ်။ စကြဝဠာ ကမ္ဘာလောက တစ်ခုလုံးဟာ ဘာသာတရားထဲမှာ အကျုံးဝင်နေပါတယ်"

သက်တော်ရှည် အမတ်ကြီး စာဏကျသည် ရှေ့တွင် ထိုင်နေသော ယောဂီလုလင် ကုမာရဂိရိအား ဘီလူးကြီး တစ်ဦးက မိမိရှေ့၌ ရပ်နေသော လူပုကလေးအား ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်လေ၏။ အမတ်ကြီးသည် စိတ်ထဲက ရယ်လိုက်လေသည်။ "ဘာသာတရားရဲ့ အရေးပါ အရာရောက်ပုံကို ထုတ်ဖော်ကြေညာနေတဲ့ ယောဂီ ... ဘာသာတရားကို ဘယ်သူက ပြုလုပ်သလဲ ဆိုတာ သင်ယောဂီ သိသလား"

"ဘုရားသခင် ... လူရဲ့ အဇ္ဈတ္တ သန္တာန်မှာ ရှိနေတဲ့ ဝိညာဉ်နဲ့ ပြုလုပ်ခြင်း ဖြစ်တယ်"

"ဒါဖြင့် ဘုရားသခင်ကိုရော ... ဘယ်သူက လုပ်တာလဲ"

ပရိသတ်များက စာဏကျ၏ မေးခွန်းကို အံ့အား သင့်သွားကြ၏။ "ဘုရားသခင်ကို ဘယ်သူက လုပ်တာလဲ" မည်မျှ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့် မေးခွန်းပေနည်း။ ပရိသတ်ထဲတွင် အတန်ငယ် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ ကုမာရဂိရိသည် ယခင်အတိုင်း ငြိမ်သက်သော အမူအရာဖြင့်ပင် ပြန်လည်ဖြေကြား၏။

"ဘုရားသခင် ဆိုတာ အစ မရှိ၊ အနာဒိ ဖြစ်တယ်"

mgyoe.com

mgyoe.com


"ဘုရားသခင်ဟာ အစ မရှိ အနာဒိလို့ သင်ပြောတာ မှန်တယ်၊ ယောဂီ။ အဲဒီစကားဟာ အသစ်အဆန်း မဟုတ်ဘူး။ ဘုရားသခင်ဟာ အစ မရှိ အနာဒိလို့ လူတိုင်းပဲ ပြောကြတယ်။ ဒါပေမဲ့ ... သင်ယောဂီ ဘုရားသခင်ကို သိသလား။ ဒီမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ် တစ်စုံတစ်ယောက် ရော ဘုရားသခင်ကို သိရဲ့လား"

စာဏကျ၏ အသံသည် တည်ကြည် လေးနက်၏။ သူ၏ မျက်လုံးသည် အရောင် တောက်နေ၏။ တစ်စုံတစ်ယောက်၏ အဖြေကို မစောင့်ဘဲ စာဏကျသည် ဆက်ပြောပြန်သည်။ "ဘုရားသခင်ဟာ အစ မရှိ အနာဒိ ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ် ရဲရဲတင်းတင်း ပြောနိုင်တယ်။ အဲဒီ ဘုရားသခင်ကို ဘယ်သူမှ မသိဘူး။ အဲဒီ ဘုရားသခင်ဟာ သိမြင်ခြင်းမှအပ ဖြစ်တယ်။ အဲဒီ ဘုရားသခင်ဟာ အမှန်တရား ဖြစ်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူဟာ ဘယ်လောက် တောက်ပ နေသလဲဆိုရင် ... သူ့ရှေ့မှောက်မှာ လူသားရဲ့ မျက်လုံးဟာ ပွင့်နေလို့ မရဘူး။ အဲဒီအမှန်တရားကို သိအောင် ကြိုးစားကြည့်ပါ။ အဲဒီ ဘုရားသခင်ကို တွေ့အောင် ပြင်းပြင်းထန်ထန် အကျင့် ကျင့်ကြည့်ပါ။ ဒါပေမဲ့ အဲဒါတွေဟာ အားလုံး အလကားပဲ။ အချည်းနှီးပဲ။ တကယ်လို့ သင်ဟာ ဘုရားသခင်ကို သိနိုင်တယ်ဆိုရင် ... သင်ရဲ့ အတွေးထဲမှာ အဆုံးအပိုင်း အခြား မရှိတဲ့ အနန္တလောကကို ဖန်ဆင်းတဲ့ အဲဒီပုဂ္ဂိုလ် ဝင်ရောက်လာ နိုင်တယ်ဆိုရင် ... အဲဒီပုဂ္ဂိုလ်ဟာ ဘုရားသခင် ဘယ်မှာ ဟုတ်နိုင်တော့ မလဲ။ ဒါပေမဲ့ ယောဂီ ... ကျုပ်တို့ ပူဇော်နေတဲ့ သင်တို့ ကျုပ်တို့ရဲ့ ဘုရား သခင်ဟာ အဲဒီ ဘုရားသခင်နဲ့ တခြားစီပါ။ သင်တို့ ကျုပ်တို့ရဲ့ ဘုရား သခင်က စိတ်ကူးယဉ် ထားတဲ့ ဘုရားသခင်ပါ။ ကိုယ့်လိုဘ ကိုယ့်လိုအပ် ချက် ပြည့်ဝရေးအတွက် လူ့လောက က အဲဒီ ဘုရားသခင်ကို ပြုလုပ် ဖန်တီးထားတာပါ"

mgyoe.com

mgyoe.com


စာဏကျသည် စကားကို ရပ်လိုက်ပြီးလျှင် မိမိ၏ လေးဖက် လေးတန်ကို လှမ်းကြည့်လိုက်သည်။ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက် ခြင်းသည် လွှမ်း၍နေ၏။ ယောဂီ ကုမာရဂိရိသည် မျက်စိစုံမှိတ်ထား ၏။ နက်နဲသည့် အတွေး တစ်ခုထဲတွင် မြုပ်နစ်နေသကဲ့သို့ ထင်ရ၏။ စာဏကျသည် ထိုင်နေရာမှ မတ်တတ် ရပ်လိုက်သည်။ ထို့နောက် ညီလာခံ သဘင်ရှိ လေးဖက်လေးရပ်ကို လှမ်းကြည့်လိုက်သည်။ သူ၏ အကြည့် ၌ မာန်မာန ရှိနေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိနေသည်။ မျက်လုံး များသည် ညီလာခံ သဘင်၌ ထိုင်နေကြသည့် ပညာရှင် မင်းပရိသတ် များအား အန်တုရဲသည့် ပုဂ္ဂိုလ်ရှိလျှင် ထွက်ခဲ့ဟူ၍ စိန်ခေါ်နေကြသည်။ ပြန်လှန် ချေပမည့် စကားကို တအောင့်လောက် စောင့်ပြီးနောက် စာဏကျ သည် ဆက်ပြောပြန်လေသည်။

"ကျုပ်စကားမဆုံးသေးဘူး။ ကျုပ်တို့ ပူဇော်နေတဲ့ သင်တို့ ကျုပ်တို့ရဲ့ ဘုရားသခင်ဟာ စိတ်ကူးယဉ် ထားတဲ့အရာ ဖြစ်တယ်။ လူ့ လောက က ပြုလုပ် ဖန်တီးထားတဲ့အရာ ဖြစ်တယ်လို့ ကျုပ်ပြောခဲ့တယ်။ အဲဒီ ဘုရားသခင်ဟာ လူ့လောက လူ့အဖွဲ့အစည်း အမျိုးမျိုးကို လိုက်ပြီး အသွင်အမျိုးမျိုး ရှိတယ်။ ကဲ အခု ... အဇ္ဈတ္တ သန္တာန်မှာ ရှိနေတဲ့ ဝိညာဉ် အကြောင်းကို ပြောကြဦးစို့။ ဒီနေရာမှာလည်း အများ လက်ခံယုံကြည် နေကြတာဟာ ... အတော်ကလေး တလွဲတချော် ဖြစ်နေတယ်။ အဇ္ဈတ္တ သန္တာန်မှာ ရှိနေတဲ့ ဝိညာဉ်ဟာ ဘုရားသခင်က ဖန်တီးတာ မဟုတ်ဘူး။ လူ့လောကက ဖန်တီးတာဖြစ်တယ်။ တကယ်လို့ အဇ္ဈတ္တ သန္တာန်မှာ ရှိတဲ့ ဝိညာဉ်ဟာ အမှန်စင်စစ် အားဖြင့် ဘုရားသခင်က ပေးတဲ့အရာ သာဖြစ်ရင် လူ့လောက လူ့အဖွဲ့အစည်း အမျိုးမျိုးမှာရှိတဲ့ လူပုဂ္ဂိုလ်တွေ ရဲ့ အဇ္ဈတ္တသန္တာန်မှာ ရှိတဲ့ ဝိညာဉ်များဟာ တကွဲတပြားစီ ဖြစ်နေမှာ မဟုတ်ဘူး။ ဘုရားသခင်ဟာ တစ်ဦးတည်း ရှိတယ်။ တကယ်လို့ ဘုရား

mgyoe.com

mgyoe.com


သခင်က ဘာသာတရားရဲ့ ဥပဒေ စည်းကမ်းများကို ဧကန်မုချ ပြုလုပ် ဖန်တီးတယ်ဆိုရင် ... လူတိုင်း လူတိုင်းအပေါ်မှာ ဥပဒေစည်းကမ်း တစ်မျိုးတည်း သတ်မှတ်ဖို့ ရှိတယ်။ အခုတော့ ဒီလို မဟုတ်ဘူး။ လူ့လောက လူ့ဘောင်တစ်ခုမှာ ရှိတဲ့ လူပုဂ္ဂိုလ်ရဲ့ အဇ္ဈတ္တသန္တာန်မှာ ရှိတဲ့ ဝိညာဉ်ဟာ ... ယေဘုယျအားဖြင့် တခြား လူ့လောက လူ့ဘောင်မှာ ရှိတဲ့ လူပုဂ္ဂိုလ်ရဲ့ အဇ္ဈတ္တ သန္တာန်မှာ ရှိတဲ့ ဝိညာဉ်နဲ့ သဘောတူတာမဟုတ်ဘူး။ လူရဲ့ အဇ္ဈတ္တသန္တာန်မှာ ရှိတဲ့ ဝိညာဉ်ဟာ လူ့လောက လူ့ဘောင်က သင့်လျော်တယ်လို့ ယူဆတဲ့ အချက် ကိုပဲ သင့်လျော်တယ်လို့ ယူဆတာပဲ။ သို့အတွက် အဇ္ဈတ္တသန္တာန်မှာ ရှိတဲ့ ဝိညာဉ်ဟာ လူ့လောကက ဖန်တီးတာဖြစ်တယ်လို့ ပုံသေ ကားကျ ပြောဆိုနိုင်တယ်။ လူရဲ့ နှလုံးထဲမှာ ရှိတဲ့ လူ့လောကရဲ့ ဥပဒေစည်းမျဉ်းများနဲ့ ပတ်သက်တဲ့ အကန်း ယုံကြည်မှု၊ အပြည့်အဝ လက်ခံမှုကိုပဲ အဇ္ဈတ္တ သန္တာန်မှာ ရှိတဲ့ ဝိညာဉ်လို့ ခေါ်တာပဲ။ လူ့လောက လူ့ဘောင်နဲ့ ကင်းကွာပြီး အဲဒီဝိညာဉ်ရဲ့ တည်ရှိမှုဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

စာဏကျသည် ထိုင်လိုက်လေ၏။ ပညာရှင် ပရိသတ်ထဲက များစွာတို့မှာ စာဏကျ၏ ခိုင်မြဲသော ဆင်ခြင်တုံ သဘောတရားတို့ကို ကျေနပ်အားရသည်ဖြစ်၍ စာဏကျ၏ ရှေ့မှောက်၌ ဦးညွှတ်ကြလေသည်။

ကုမာရဂိရိသည် စာဏကျ၏ ယင်း စကား ဝါကျများကို ကြားသည်၊ မကြားသည် မပြောတတ်ပေ။ သူသည် မိမိ၏ အတွေးထဲ၌သာလျှင် ထိုအချိန်၌လည်း မြုပ်နစ်နေတုန်း ရှိလေ၏။ မျက်လုံးများကို မှိတ်ထား၏။ ငြိမ်သက်သော မျက်နှာပေါ်၌ ထူးခြားသော အရှိန်အဝါတစ်မျိုး ပေါ်နေ၏။ သို့ရာတွင် ထိုအချိန်၌ စာဏကျက အနိုင် ရနေသည်။ ကုမာရဂိရိသည် လူတွေ၏ အယူအဆ အရဆိုလျှင် စာဏကျ၏ ခိုင်မြဲ

mgyoe.com

mgyoe.com


သော ဆင်ခြင်တုံ သဘောတရားများကို မည်သို့မျှ ပြန်လှန် မချေပနိုင် ပေ။ ဘုရင် စန္ဒဂုတ်သည် ပြုံးတော်မူလေ၏။ နောက်ထပ် အချိန်အနည်း ငယ်မျှ စောင့်ပြီးနောက် ဘုရင်မင်းကြီးသည် မင်းမှုထမ်းတစ်ဦးအား မျက်ရိပ် ပြလိုက်လေသည်။ ထိုအခိုက် မင်းမှုထမ်းသည် မတ်တတ်ရပ် လျက် ... "ဝါဒ ငြင်းခုံပွဲကြီး အပြီး သတ်သွားပါပြီ။ အခု ကပွဲ စတင်ပါ တော့မယ်" ဟု ကြေညာလိုက်လေ၏။ တိတ်ဆိတ် ငြိမ်သက်ခြင်းသည် ပြိုကွဲ ပျက်စီးသွားလေသည်။ မင်း ပရိသတ်အပေါင်းတို့သည် သောင်း သောင်းဖြဖြ သြဘာ ပေးကြလေ၏။

ထိုအချိန်၌ စိတ္တရလေခါသည် ညီလာခံ ခန်းမဆောင်ထဲသို့ ဝင် ရောက်လာလေသည်။ လက်ဝတ် တန်ဆာများ၏ တစ်ခုနှင့်တစ်ခု ထိခိုက် သံများ၌ ဆန်းကြယ်သော ဂီတသံတစ်မျိုး ပေါ်နေသည်။ တရားသဘော လွှမ်းနေသော ခြောက်သွေ့ ပျင်းရိဖွယ် ပတ်ဝန်းကျင်သည် ဝတ်ဆံဝတ်မှုန် အပြည့်ရှိနေသည့် အလှကြောင့် ချောက်ချား သွားလေသည်။ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသော အရုဏ်ဦး၏ မှုန်မွှားမွှားကို ထွင်းဖောက် ဖြိုခွဲ လျက် နံနက်ခင်း နေမင်း၏ အရုဏ်ရောင် ဝင်ရောက်လာသည်နှင့် ပမာ တူလေသည်။ ဆောင်းဥတု၏ ချမ်းအေး ခြောက်သွေ့သော လေထဲ ၌ တန်ခူးလေ၏ အနွေးနှင့် မွှေးရနံ့များ ပေါ်ပေါက်လာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲ သွားလေ၏။

ပရိသတ်၏အလယ်၌ ရပ်လျက် စိတ္တရလေခါသည် ရှေးဦးစွာ ဘုရင် စန္ဒဂုတ်ကို ဂါရဝပြုလိုက်လေ၏။ ထိုအချိန်၌ သူ၏ အလှတွင် မဖြစ်ဘူးမြဲ ထူးကဲသော အဆွဲဓာတ် ရှိနေသည်။ သူ၏ မျက်နှာဝန်းသည် လပြည့်ဝန်းနှင့် ပမာတူလေသည်။ သူ၏ ယိမ်းထိုးနေသည့် ဆံထုံးမှာ ဖိုးလမင်းထံမှ အမြိုက်ကို လုယူဖို့ရန်အတွက် ဖိုးလမင်းအား ရစ်ပတ် တွယ်ကပ်နေသည့် နဂါးမင်း၏ အမောက်နှင့် တူနေသည်။ သူ၏ ဆံထုံး

mgyoe.com

mgyoe.com


ကို ပတ်ထားသည့် ပုလဲ ကွန်ရွက်မှာ ဖိုးလမင်း အခက်ကြဲနေသည်ကို တွေ့ရ၍ နက္ခတ်တာရာများ အုပ်ဖွဲ့ပြီး နဂါးနက်ကို တွန်းလှန်တိုက်ခိုက်ကြသကဲ့သို့ တင့်တယ် တောက်ပ၍ နေသည်။ သူ၏ ကိုယ်ကာယပေါ်၌ ပါးလွှာသော ပိုးသားပဝါ လွှမ်းထားလေသည်။ ထိုပိုးသားပဝါ ရှိနေခြင်းနှင့် ရှိမနေခြင်းမှာ ဘာမျှ မထူးခြားပေ။ ထိုပဝါ၏ အတွင်းဖက်၌ ပါးလွှာသည့် ရွှေချည်ထိုး ပိုး ကိုယ်ကျပ် အင်္ကျီကို ဝတ်ထားသည်။ ထိုကိုယ်ကျပ်အင်္ကျီတွင်းမှ သူ၏ ပြည့်ဖြိုး ဖောင်းအိသော ရင်သားများမှာ မို့မောက်နေကြသည်။ သူ၏ ရွှေကြယ်ပြောက် လုံချည်မှာ ညဥ့်၏ ဝင်းလက် တောက်ပသော အရောင် အောက်၌ မျက်စိ ကျိန်းအောင် ဖန်တီးနေလေ၏။ ရတနာစီခြယ်ထားသည့် ဝတ်စား တန်ဆာများဖြင့် သူသည် ဝန်ပိ၍ နေလေ၏။ ထိုအချိန်၌ သူသည် လက္ခမီ နတ်သမီး၏ ပကတိ ရုပ်သွင်အတိုင်း ဖြစ်နေ၏။ ဘုရင်မင်းကြီးကို ဂါရဝပြုပြီးနောက် စိတ္တရလေခါသည် စုဝေးရောက်ရှိနေကြသည့် မင်းပရိသတ်ဘက်ကို ရွှင်ပြုံးသော အကြည့်ဖြင့် ကြည့်လိုက်လေ၏။ မင်း ပရိသတ်တို့၏ တက်ကြွမြူးထူးသံမှာ ညီလာခံ ဆောင်ထဲတွင် ပွဲတင် ရိုက်သွားလေသည်။ ပရိသတ် တစ်ဦးစီ တစ်ဦးစီ၏ အပေါ်၌ ကျေးဇူးတင်သည့် အကြည့်ဖြင့် ကြည့်ပြီးနောက် သူ၏ အကြည့်သည် ဗီဇဂုတ္တ၏ အပေါ်၌ တန့်ရပ်သွားလေ၏။ ထိုအကြိမ်၌ သူ၏မျက်လုံးမှ အပြုံးသည် သူ၏ မျက်နှာပေါ်၌လည်း ကူးယှက်သွားလေသည်။ ဗီဇဂုတ္တကလည်း ပြုံးလိုက်လေသည်။ စိတ္တရလေခါ၏ အသံတိတ် ဂါရဝပြုမှုသည် အသံတိတ် တုံ့ပြန်မှု ရရှိသွားလေသည်။ စိတ္တရလေခါသည် တစ်ဖန် ပညာရှင် ပရိသတ်တို့၏ ရှေ့မှောက်၌ ဦးညွတ်လိုက်ပြန်သည်။ မိမိ၏အကြည့်ကို ပညာရှင် ပရိသတ်ဆီမှ ခွာတော့မည်ပြုစဉ် စိတ္တရလေခါသည် ကုမာရဂိရိကို သွားတွေ့လေသည်။ သို့ဖြစ်၍ သူ၏မျက်လုံးသည် ထိုယောဂီ လုလင်၏

mgyoe.com

mgyoe.com


အပေါ်၌ တန့်ရပ်သွားလေ၏။ ကုမာရဂိရိက သူ့ကို ပြန်ကြည့်လို ကြည့်ငြား ဟူသော မျှော်လင့်ချက်ဖြင့် သူ၏ မျက်လုံးသည် ကုမာရဂိရိ၏ အပေါ်၌ အချိန်အတန်ကြာမျှ တန့်ရပ်နေလေ၏။ သို့ရာတွင် သမာဓိဝင်စားနေသည့် ယောဂီသည် ထိုအချိန်၌ အခြားကမ္ဘာ လောကတစ်ခုထဲသို့ ရောက်နေသည်။ စိတ်ပျက် အားလျော့ပြီးလျှင် စိတ္တရလေခါသည် မိမိ၏ မျက်လုံးကို ကုမာရဂိရိ ထံမှ လွှဲဖယ်လိုက်လေသည်။

စောင်းသံသည် လေးနက်သည့် ဗုံသံနှင့် အတူတကွ သာယာနာပျော်ဖွယ် မြည်လာလေသည်။ စိတ္တရလေခါ ဝင်လာသည့် အချိန်မှစ၍ ရှင်မြူးတက်ကြွနေသော လူထု ပရိသတ်သည် တစ်ခဏ အတောအတွင်းမှာပင် ငြိမ်သက်သွားလေ၏။ စိတ္တရလေခါ၏ လှပသော၊ ကြာပွင့်ထက်ပင် နူးညံ့ ပျော့ပျောင်းသော ခြေထောက်များသည် ရွှေခြူသံတချွင်ချွင်ဖြင့် အကကို စ လေတော့၏။ စိတ္တရလေခါ ခြေလှမ်း လှမ်းသည့် နေရာတိုင်း နေရာတိုင်း၌ လျှပ်စစ်ပြက်သကဲ့သို့ ဝင်းလက်တောက်ပ၍ တောက်ပ၍ သွားလေ၏။ ဗုံသံ၊ ပတ်သံများမှာ လေးနက်သည့် မိုးချုန်းသံ များလားဟု အောက်မေ့ရ၏။ အရပ်ထက်ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်ခြင်း လွှမ်းနေသည်။ လူတိုင်း လူတိုင်းသည် မှင်တက် မိသူပမာ အနုပညာ၏ အမြင့်ဆုံးသော ရှုကွင်းရှုကွက်ကို ရှုစားနေကြလေသည်။

ကုမာရဂိရိသည် ရုတ်တရက် မျက်စိကို ဖွင့်လိုက်လေသည်။ ထိုအခိုက်၌ သူ၏ မျက်လုံးများတွင် ထူးခြားသည့် အလင်းရောင်တစ်မျိုး တောက်ပ ဝင်းလက်နေလေသည်။ မတ်တတ် ရပ်လိုက်ပြီးလျှင် သူသည် တည်ကြည် လေးနက်စွာဖြင့် ပြောလေ၏။ "အမတ်ကြီး စာဏကျ... ကျွန်ုပ် ဘုရားသခင်ကို သိတယ်။ သင် အမတ်ကြီးနဲ့ ပရိသတ်အားလုံး ကျေနပ်သွားအောင် ဒီနေရာမှာ ကျွန်ုပ် ဘုရားသခင်ကို လက်တွေ့ ပြနိုင်တယ်"

mgyoe.com

mgyoe.com


စည်းဝေးသဘင်၏ တိတ်ဆိတ် ငြိမ်သက်ခြင်းသည် ပြိုကွဲပျက်စီး သွားလေသည်။ အချို့ ပုဂ္ဂိုလ်များသည် ကုမာရဂိရိ ပြောလိုက်သည့် စကားကို ကြားကြ၍ ထိုစကားကို မကြားလိုက်သည့် ပုဂ္ဂိုလ်များလည်း ရှိကြသည်။ မကြားလိုက်သည့် ပုဂ္ဂိုလ်များအနက်မှ များစွာတို့မှာ အကကို အာရုံစူးစိုက်နေကြသည့် လုလင် နယ်စားပယ်စား မှူးမတ်များ ဖြစ်ကြလေ၏။ ထိုပုဂ္ဂိုလ်များက အော်ပြောလိုက်ကြသည်။ "ဟို ယောဂီကို အထိုင်ခိုင်းပါ"

စိတ္တရလေခါ ကလည်း ယောဂီ၏စကားကို မကြားလိုက်ပေ။ ထိုအချိန်၌ သူသည် အကထဲမှာ လုံးလုံး စိတ်ဝင်စားနေ၏။ သူ၏ ခြေထောက်များ၌ ဆန်းကြယ်သည့် ညို့ဓာတ်ရှိသည်။ အနုပညာ၏ ထူးခြားသည့် စွမ်းရည်ရှိသည်။ ဘုရင် စန္ဒဂုတ်သည် စာဏကျ အမတ်ကြီးကို အဓိပ္ပာယ်ရှိသော အကြည့်ဖြင့် ကြည့်လိုက်သည်။ စာဏကျ အမတ်ကြီး ကလည်း ထိုနည်းအတူပင် ဘုရင်မင်းကြီးကို ပြန်ကြည့်လေ၏။ ယောဂီ ကုမာရဂိရိသည် ကြီးကြီးကျယ်ကျယ် စကားတစ်ခွန်း ပြောမည်ပြုစဉ် စာဏကျ အမတ်ကြီးက ထ ၍ ပြောလိုက်လေ၏။ "မင်းပရိသတ်အပေါင်းနဲ့ ပညာရှင်အပေါင်းတို့ ... ယောဂီ ကုမာရဂိရိက သူ ဘုရားသခင်ကို သိတယ်၊ အခု ဒီအချိန် ဒီနေရာမှာ လူတွေအားလုံးတွေ့အောင် ဘုရားသခင်ကို ပြလည်း ပြနိုင်တယ်လို့ ကြေညာနေပါတယ်။ ဘုရင်မင်းကြီး ကိုယ်တိုင်က လိုလားနေတဲ့အတွက် ခေတ္တခဏ အကကို ရပ်ဆိုင်းထားလျှင် သင့်လျော် ကောင်းမြတ်ပါလိမ့်မယ်"

ထိုအကြိမ်၌မူ မင်းပရိသတ် အပေါင်းသည် စကားကို လုံးစေ့ပတ်စေ့ ကြားကြရလေ၏။ စိတ္တရလေခါလည်း ကြားရလေသည်။ စိတ္တရလေခါသည် ရပ်တန့်လိုက်ပြီးလျှင် ဒေါသရောင် လျှမ်းနေသော မျက်လုံးများဖြင့် စာဏကျကို လှမ်းကြည့်လိုက်သည်။ ထိုထက် နှစ်ဆသော

mgyoe.com

mgyoe.com


ဒေါသဖြင့် ကုမာရဂိရိကိုလည်း ကြည့်လိုက်သည်။ ထို့နောက် သူသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့်ပင် ထောင့် တစ်ထောင့်သို့ သွားထိုင်နေလိုက်သည်။ စာဏကျသည် ထ၍ ပြောလိုက်လေ၏။ "ယောဂီ ကုမာရဂိရိ၊ ကျွန်ုပ်တို့ အားလုံး ဘုရားသခင်ကို ကြည့်ဖို့ရန် အဆင်သင့် ဖြစ်နေကြပါပြီ"

ကုမာရဂိရိသည် ထိုင်နေရာမှ ထလိုက်သည်။ သူ ထ လိုက်သည်နှင့် တစ်ပြိုင်နက် စည်းဝေးသဘင်၌ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်းသည် လွှမ်းသွားလေသည်။ ထို့နောက် ယောဂီသည် ပရိသတ်အပေါင်း၏ အလယ်၌ မတ်တတ် ရပ်လိုက်သည်။ အတန်ကြာမျှ သူသည် မျက်စိကို မှိတ်ထားလေ၏။ ထို့နောက် ပြောလိုက်သည်။ "ကြွရောက်လာတဲ့ ပညာရှင်ပရိသတ်နှင့် မင်းပရိသတ်အပေါင်းတို့ ... ကျွန်ုပ်ဘက်ကို ကြည့်ကြပါလော့"

ယောဂီ ကုမာရဂိရိ ရပ်နေသည့် နေရာအနီးရှိ ယဇ်ခုံမှ မီးလျှံတစ်ခု ထိုးထွက်လာသည်ကို လူများ တွေ့မြင်ကြလေ၏။ ထိုမီးလျှံသည် အမိုးဘက်သို့ ထိုး တက်သွားလေ၏။ ထိုမီးလျှံ၏ အလင်းရောင်သည် နွေဥတု နေ့လယ်မွန်းတည့်ချိန် နေရောင်ထက်ပင် တောက်ပ၏။ မီးလျှံသည် အမိုးကို ဖောက်ထွင်းပြီးလျှင် ကောင်းကင်ပြင်သို့ ထိုးတက်သွားလေ၏။ ထို သေးသွယ်သော မီးလျှံကလေးသည် တစ်စတစ်စ ကြီးမားလာလေ၏။ ထိုမီးလျှံ၏ အလင်းရောင်မှာ မည်မျှတောက်ပသနည်းဟူမူ လူတို့၏ မျက်လုံးများသည် ထို အလင်းရောင်၏ဒဏ်ကို မခံနိုင်ကြသည်ဖြစ်၍ မှိတ်သွားကြလေ၏။ သို့ရာတွင် အံ့ဩဖွယ်ကောင်းသည့်အချက်မှာ ထိုမီးလျှံ၌ အပူ မရှိပေ။ အလင်းရောင် သက်သက်မျှသာလျှင် ရှိလေ၏။ ကုမာရဂိရိက ပြောလိုက်လေ၏။ "အဲဒါ အမှန်တရား ဖြစ်ပါတယ်"

စာဏကျက အော်ပြောလိုက်လေ၏။ "ယောဂီ ... သင် ညာပြော

mgyoe.com

mgyoe.com


တယ်။ ဟိုမှာ ဘာမှ မရှိပါကလား"

ထိုအကြိမ်၌မူ လူအပေါင်းတို့သည် စာဏကျအား အံ့ဩသော အကြည့်ဖြင့် ကြည့်ကြလေ၏။ ယောဂီ ကုမာရဂိရိက ပြောလေသည်။ "သက်တော်ရှည် အမတ်ကြီး ... အမှန်တရားရဲ့ အလင်းရောင်ကို မမြင်ရဘူးလား"

စာဏကျသည် ပြန်ပြောသည်။ "ဘယ်မှာလဲ အလင်းရောင်၊ ဟိုမှာ ဘာမှ မရှိပါကလား"

ကုမာရဂိရိသည် စာဏကျကို မည်သို့မျှ အဖြေ ပြန်မပေးပေ။ တစ်ဖန် ပြောပြန်လေ၏။ "နောက်ထပ်တစ်ခါ ကြည့်ကြပါဦး"

ထိုအကြိမ်၌ ထိုမီးလျှံသည် မှေးမှိန်သွားပြီးလျှင် မီးပုံတစ်ခုအဖြစ် ပြောင်းလဲသွားလေ၏။ ထိုမီးပုံထဲ၌ ပရိသတ်များသည် သတ္တဝါပေါင်းများစွာကို တွေ့မြင်ရလေ၏။ ထိုသတ္တဝါများသည် ထိုမီးပုံထဲ၌ တစ်ဖက်မှ ထွက်ပေါ်လာပြီးလျှင် အခြားတစ်ဖက်၌ ပျက်စီး ပျောက်ကွယ်သွားကြလေ၏။ ထိုမီးပုံထဲ၌ ပရိသတ်များသည် ကြီးမားသော မြို့ကြီးပြကြီးများ တည်ဆောက်ကြသည်ကိုလည်းကောင်း၊ ပျက်စီးတိမ်ကောသွားသည်ကိုလည်းကောင်း တွေ့ရသည်။ ထို မီးပုံထဲ၌ မြေ၊ ရေ၊ လေ၊ ကောင်းကင်ကိုလည်း တွေ့ရသည်။ ယင်း အရာအားလုံးသည် တဖြည်းဖြည်း ပျက်စီးပျောက်ကွယ်သွားကြပြီးလျှင် ယခင် မီးပုံတစ်ခုသာလျှင် ကျန်ခဲ့လေ၏။

ယောဂီ ကုမာရဂိရိက ပြောလိုက်လေသည်။ "အဲဒါ ... ဘုရားသခင် ဖြစ်ပါတယ်"

စာဏကျသည် ထိုအကြိမ်၌ သူရူး အသွင်ကဲ့သို့ ဟစ်အော်လိုက်လေ၏။ "ကျွန်ုပ် ဘာမှမတွေ့ရဘူး။ ယောဂီ ... သင် ညာပြောနေတယ်လို့ ကျွန်ုပ် ထပ်ပြောလိုက်ပါတယ်"

mgyoe.com

mgyoe.com


ကုမာရဂိရိသည် မျက်စိမှိတ်လိုက်လေ၏။ အားလုံး ပျောက်ကွယ်သွားလေသည်။ မျက်လုံးကို ဖွင့်ပြီးလျှင် ယောဂီသည် ပြုံး၍ ပြောလေသည်။ "အမတ်ကြီး ... သင်အမတ်ကြီး ညာပြောတယ်လို့ ကျွန်ုပ်က ပြောရလိမ့်မယ်။ ကျွန်ုပ်ပြောတာကို ဟောဒီ စည်းဝေးသဘင် တစ်ခုလုံးက သက်သေခံလိမ့်မယ်။ ဒီမှာ ရောက်ရှိနေကြတဲ့ပုဂ္ဂိုလ်များက သင်အမတ်ကြီးကို အဖြေပေးကြပါလိမ့်မယ်"

ပရိသတ်အပေါင်းက အော်ဟစ်ကြလေ၏။ "အမတ်ကြီး ညာပြောတယ် ... ကျွန်ုပ်တို့ အမှန်တရားနဲ့ ဘုရားသခင်ကို တကယ်မြင်ရတယ်"

ထိုအကြိမ်၌ စာဏကျသည် အရှိုက်အထိုးခံရသဖြင့် စန္ဒဂုတ်ဘုရင်ကို လှမ်းကြည့်လိုက်လေသည်။ ဘုရင်မင်းကြီးကလည်း ပြောလိုက်လေသည်။ "အမတ်ကြီး ... ကုမာရဂိရိ ညာပြောတာ မဟုတ်ဘူး။ ကျွန်ုပ်လည်း အမှန်တရားနဲ့ ဘုရားသခင်ကို မြင်ရတယ်"

"ကျွန်ုပ်ရဲ့ မျက်လုံးများဟာ ဒီကနေ့ ပထမဆုံးအကြိမ် ကျုပ်ကို လှည့်စားကြတယ်။ ယောဂီလုလင် ... ကျွန်ုပ် အရှုံးပေးပါတယ်။ သင်က အနိုင်ရပါတယ်"... ယင်းသို့ ပြောလျက် စာဏကျသည် ထိုင်လိုက်လေ၏။

ယောဂီ ကုမာရဂိရိသည် ထွက်သွားဖို့ရန် ခြေလှမ်း ပြင်လိုက်စဉ်မှာပင် ကချေသည် စိတ္တရလေခါ၏စကားကို ကြားလိုက်ရလေသည်။ "ယောဂီ ... နေပါဦး။ ကျွန်ုပ်ရဲ့ ယုံမှားသံသယတွေ ပျောက်မသွားသေးဘူး"

လူအပေါင်းတို့၏ မျက်လုံးများသည် စိတ္တရလေခါ ဆီသို့ စုပြုံရောက်သွားကြလေသည်။ သူတို့၏ သိလို ကြားလိုသည့် စိတ်ဆန္ဒသည် ပိုမို၍ တိုးတက်လာလေသည်။ ယောဂီ ကုမာရဂိရိသည် တန့်ရပ်လိုက်လေ၏။ စိတ္တရလေခါက ရှေ့သို့ တိုး၍ ပြောလေ၏။ "ယောဂီ ... ကျွန်ုပ်

mgyoe.com

mgyoe.com


လည်းပဲ သင် ယောဂီပြတဲ့အရာကို မမြင်ရဘူး။ စာဏကျ အမတ်ကြီး ကို အားလုံးက ညာတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ အဲဒီလို မပြောဘူး။ အမှန်တရားနဲ့ ဘုရားသခင်ကို တိုင်တည်ပြီးတော့ ကျွန်ုပ် သင် ယောဂီကို တစ်ခုမေးချင်ပါတယ်။ သင်ရော အမှန်တရားနဲ့ ဘုရားသခင်ကို ပရိသတ်အပေါင်းကို ပြတဲ့ပုံသဏ္ဍာန်အတိုင်း အမှန် တကယ် မြင်ရဲ့လား"

ကချေသည်၏မျက်လုံးများသည် ယောဂီ၏မျက်လုံးများနှင့် ပေါင်းဆုံသွားကြလေ၏။ ယောဂီ၏ မျက်လုံးများ၌ ယုံကြည်မှု၏ အရှိန် အဝါ ရှိနေသည်။ အကျင့်တရား၏ အင်အားရှိနေသည်။ ကချေသည် ၏ မျက်လုံးများ၌မူ တက်ကြွမှု၏အလင်း ရှိနေသည်။ သံသယ၏ အရောင်ရှိနေသည်။ ကုမာရဂိရိ၏နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာ လေ၏။

"ဟင့်အင်း၊ မမြင်ရဘူး"

လူအပေါင်းတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။ စာဏကျ အမတ်ကြီးသည် ဝမ်းသာလွန်းလှသဖြင့် ရီးတိုးရွဲတဖြစ်ပြီး ထလိုက်လေ၏။ သို့ရာတွင် စိတ္တရလေခါသည် စာဏကျ အမတ်ကြီး အား အမှုမထားဘဲ ဆက်ပြောပြန်၏။"ယောဂီ ... သင်ဟာ မိမိရဲ့ စိတ် တန်ခိုး စိတ်စွမ်းရည်သတ္တိနဲ့ ပရိသတ်အားလုံးကို ဩဇာညောင်းအောင် လုပ်ပြီး မိမိစိတ်ကူးနဲ့ ဖန်ဆင်းထားတဲ့ အမှန်တရားနဲ့ ဘုရားသခင်ရဲ့ အသွင်သဏ္ဍာန်ကို ပြတာ မဟုတ်ဘူးလား။ လိမ်တော့ ပြောမယ် မကြံ နဲ့။ ကျွန်ုပ် အမှန်တရားနဲ့ ဘုရားသခင်ကို တိုင်တည်ပြီး သင့်ကို မေးနေ ခြင်းဖြစ်တယ်။ ပြီးတော့ သင်ဟာ ယောဂီတစ်ဦးဖြစ်တယ်ဆိုတာလည်း မေ့မထားလိုက်ပါနဲ့"

ကုမာရဂိရိသည် အတန်ငယ် စဉ်းစားပြီး ပြန်ကြားဖြေဆိုလေ၏။

mgyoe.com

mgyoe.com


"သင်ပြောတာ မှန်တယ်"

ယင်း အမေးအဖြေကိုကြားရသည့်အခါ လူအပေါင်းတို့သည် ကြက်သေ သေသွားကြလေ၏။ စိတ္တရလေခါက မေးလိုက်ပြန်သည်။ "နောက်ထပ် မေးခွန်းတစ်ခု မေးစရာရှိသေးတယ်။ သင်ရဲ့ စိတ်တန်ခိုး စိတ်အစွမ်းနဲ့ ဩဇာညောင်းအောင် လုပ်လို့မရလောက်အောင် စိတ်တန်ခိုး စိတ်အစွမ်း ကြီးမားအားကောင်းနေတဲ့ ပုဂ္ဂိုလ်များကိုတော့ သင်ဟာ မိမိရဲ့လုပ်ကြံထားတဲ့အရာများကို ပြလို့ မရဘူးဆိုတာလည်း ဟုတ်တယ်၊ မဟုတ်လား"

စည်းဝေးသဘင်သည် လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။ ယောဂီကုမာရဂိရိသည် မိမိ အခြေအနေကို သိရှိရိပ်မိသွားလေ၏။ အတန်ကြာမျှ စဉ်းစားပြီးနောက် ထုံးစံအတိုင်း တည်ငြိမ်ကျွန်ရွှေရစွာပင် ပြန်ပြောလေသည်။ "ဘုရားသခင်ကို ယုံကြည်တဲ့ လူမှသာ စိတ်တန်ခိုး စိတ်အစွမ်း ရှိတယ်။ ဘုရားမဲ့ တရားမဲ့ ပုဂ္ဂိုလ်မှာ စိတ်တန်ခိုး စိတ်အစွမ်း မရှိနိုင်ဘူး။ တကယ်လို့ လူမှာ အကြံအတွေး ထင်ရှားရှိတယ်ဆိုရင် အဲဒီလူဟာ ဘုရားသခင်ရဲ့ ဩဇာခံ မုချဖြစ်ရမှာပဲ။ ဒါပေမဲ့ အကြံအတွေး သေနေလို့ရှိရင်တော့၊ ဘုရားမဲ့ တရားမဲ့ မျက်နှာဖုံး အမည်းက အကြံအတွေးကို မွန်းသေအောင် လုပ်ထားလို့ရှိရင်တော့ ... အဲဒီလူအနေနဲ့ ဘုရားသခင်ကို သိဖို့ရန်ဖြစ်နိုင်မှာ မဟုတ်ဘူး။ အခု အမှန်တရားနဲ့ ဘုရားသခင်ကို မမြင်ရတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြံအတွေးများဟာ ကွယ်လွန်သေဆုံးသွားကြပြီ။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘုရားမဲ့ တရားမဲ့ သမားတွေ ဖြစ်တယ်။ ဘုရားမဲ့ တရားမဲ့ သမားတွေမှာ စိတ်တန်ခိုး စိတ်အစွမ်း ရှိဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

စာဏကျသည် ဘုရင်မင်းကြီးကို လှမ်းကြည့်လိုက်သည်။ ဘုရင်မင်းကြီးက စာဏကျအား အရိပ်အကဲ ပြလိုက်လေ၏။ ထို့နောက်

mgyoe.com

စာဏကျသည် ရှေ့သို့ တိုးသွားပြီးလျှင် ဝိဇယ မကုဋ္ဌ ခေါ် အောင်မကိုဋ္ဌ် ကို စိတ္တရလေခါ၏ ဦးခေါင်းပေါ်၌ ဆောင်းပေးလိုက်လေသည်။ "ကချေ သည် စိတ္တရလေခါ ... ဒီကနေ့ အနိုင်ရသူမှာ သင်သာလျှင် ဖြစ်တယ်။ သင်ဟာ ယောဂီ ကုမာရဂိရိ မိမိရဲ့ စိတ်တန်ခိုး အစွမ်းကို တလွဲ အသုံးချ ပြီးတော့ မောဟအဖုံးနဲ့ ဖုံးအုပ်ဖို့ ကြိုးစားတဲ့အမှန်တရားရဲ့ အသွင် အပြင်ကို ကျွန်ုပ်တိုအား လှစ်ပြလိုက်တယ်" ...။ ထို့နောက် ကုမာရဂိရိ အား ပြောပြန်သည်။ "ယောဂီ ... သင်ဟာ မသင့်လျော် မလျောက်ပတ် တဲ့ အလုပ်ကို ပြုလုပ်တယ်။ အဲဒီလိုလုပ်တဲ့အတွက် သင့်ကို အပြစ်ဒဏ် ပေးထိုက်တယ်။ ဒါပေမဲ့ သင့်ကို အပြစ်ဒဏ်ပေးပိုင်ခွင့်ရှိသူမှာ စိတ္တ ရလေခါသာလျှင် ဖြစ်ပေတယ်"

ကုမာရဂိရိ၏မျက်လုံးများမှာ ဒေါသကြောင့် ရဲရဲတောက်နေ ကြလေ၏။ "ဒီပရိသတ်ထဲက ဘယ်သူမှ ကျွန်ုပ်ကိုရှုံးအောင် မလုပ်နိုင် ဘူး။ ဘယ်သူမှလည်း ကျွန်ုပ်ကို အပြစ်ဒဏ် မပေးဝံ့ဘူး" ... ယင်းသို့ ပြော၍ ကုမာရဂိရိသည် ကိုယ်ကို မတ်မတ်ထားလျက် မတ်တတ်ရပ် လိုက်သည်။

ယောဂီ၏ အမျက်ထွက်နေသည့် အသွင်ကို တွေ့ရ၍ စည်းဝေး သဘင် တစ်ခုလုံးသည် ထိတ်လန့်တုန်လှုပ်သွားလေသည်။ သို့ရာတွင် စိတ္တရလေခါကမူ အရယ် မပျက်ပေ။ ရယ်လျက် ယောဂီဆီသို့ တိုးသွား လေ၏။ ပရိသတ်အပေါင်းသည် တအံ့တသြ ငေးမောကြည့်ရှုနေကြ ၏။ ယောဂီဆီသို့ တိုးသွားရင်း စိတ္တရလေခါသည် တူရိယာသမားများ အား မျက်ရိပ်ပြလိုက်လေသည်။ ကုမာရဂိရိ၏အပါးသို့ရောက်သော အခါ စိတ္တရလေခါသည် ရပ်လိုက်သည်။ "ယောဂီ ... သင်ယောဂီကို အပြစ် ဒဏ်ပေးပိုင်ခွင့် ကျွန်ုပ် ရရှိပြီ။ ကျွန်ုပ် သင်ယောဂီကို အပြစ်ဒဏ် ပေးရလိမ့် မယ်။ ကျွန်ုပ် သင်ယောဂီကို အပြစ်ဒဏ်ပေးဝံ့သလား၊ မပေးဝံ့ဘူးလား

mgyoe.com

mgyoe.com

ဆိုတာကို ကြည့်စမ်းပါ" ယင်းသို့ ပြော၍ စိတ္တရလေခါသည် မိမိ၏ ရွှေအောင်မကိုဋ်ကို ကုမာရဂိရိ၏ဦးခေါင်းပေါ်၌ စွပ်ပေးလိုက်လေသည်။

ထိုအချိန်၌ ဆရန်ဂီ စောင်းသံပေါ်လာလေ၏။ စိတ္တရလေခါသည် လျှပ်ပြက်လိုက်သကဲ့သို့ သွက်လက်ဖျတ်လတ်စွာ ပြန်လှည့်သွားသည်။ ထို့နောက် အကကို စလိုက်လေ၏။ လူအပေါင်းတို့က သောင်းသောင်းဖြဖြ သြဘာပေးကြလေ၏။

ကုမာရဂိရိသည် ပါးစပ်အဟောင်းသားနှင့် ရပ်နေလေသည်။ စိတ္တရလေခါ အဝေးသို့ရောက်သွားမှ သတိရလာလေ၏။ ထိုအချိန်၌ ညီလာခံ ခန်းမဆောင်တစ်ခုလုံး၌ လက်ခုပ်သြဘာသံများ ဆူညံနေလေသည်။ "အပြစ်ဒဏ်နှင့် အရှုံး ... အဲဒီအချက်နှစ်ချက်ကို စဉ်းစားရလိမ့်မယ်" ...။ ယောဂီ ကုမာရဂိရိက ညည်းလိုက်လေ၏။ ထို့နောက် သူသည် လျင်မြန်သော အဟုန်ဖြင့် စည်းဝေးသဘင်မှ ထွက်ခွာသွားလေ၏။

■

mgyoe.com

mgyoe.com

## အခန်း ခြောက်

အဇော်ကားလည်း ခံရ၊ အရှုံးလည်း ပေးလိုက်ရသော ယောဂီသည် အတွေ့အမြင်သစ်တစ်ခု ရရှိသွားသည်။ ထိုအတွေ့အမြင်၏ ဒဏ်ကြောင့် သူသည် မလှုပ်ချင် မကိုင်ချင် ဖြစ်သွားလေ၏။ သူသည် တစ်စုံတစ်ဦးအား အရှုံးပေးရလိမ့်မည်ဟု မည်သည့်အခါကမျှ စိတ်ကူးထဲပင် မထည့်မိပေ။ အရှုံး ပေးလိုက်ရသည်မှာလည်း မိန်းမတစ်ယောက်ကို ဖြစ်လေသည်။ ထိုမိန်းမမှာလည်း တခြားလူ မဟုတ်ဘဲ သာမန် ကချေသည် တစ်ဦးဖြစ်နေ၏။ ကုမာရဂိရိ၏ စိတ်နှလုံးသည် ဂနာမငြိမ် ဖြစ်နေ၏။ အခြေအနေကို သူ ဆန်းစစ် ကြည့်လေသည်။ သူသည် အနိုင် ရရှိသော်လည်း အရှုံး ပေးလိုက်ရလေသည်။ သူသည် ဘုရင် စန္ဒဂုတ်၏ ကျယ်ပြန့်သော နိုင်ငံတော်အတွင်းရှိ လက်ရွေးစင် ပညာရှင်များ အပေါ်၌ အနိုင်ရရှိလေသည်။ သို့ရာတွင် အမိုက်မှောင်ကိုမူ အရှုံး ပေးလိုက်ရလေသည်။ အမိုက်မှောင်ကို အရှုံးပေးရခြင်းမှာမူ ဓမ္မတာပင် ဖြစ်လေသည်။ မိန်းမကိုမူ အလွန်တရာ ကြီးကျယ်သည့် ရသေ့ သူတော်စင်များပင် အရှုံး ပေးကြရသည်။ သို့ရာတွင် သူတို့အားလုံးသည် မိန်းမအရာ၌ အရှုံးပေးရခြင်း ဖြစ်လေသည်။ ဉာဏ်ပညာ အရာ၌ အရှုံးပေးရခြင်း မဟုတ်ပေ။ ကုမာရဂိရိ၏ အခြေအနေကမူ တစ်မျိုးဖြစ်နေ၏။

mgyoe.com